
mgyme.com
SAMPLE BOOK



# ငငစ
# အကဒဒ


ဝိဝိတင့်ဆွေ (မြန်မာပြန်)

## EN FINIR AVEC EDDY BELLEGUEULE

EDOUARD LOUIS

mgyoe.com SAMPLE BOOK

LGBT ကောင်လေးတစ်ယောက်ရဲ့
စိတ်ခံစားမှုနဲ့ ဘဝဇာတ်ကြောင်း။
ဒီစာအုပ်ကြောင့် အက်ဒ်ဒီဟာ
လိင်တူချစ်သူများ တန်းတူ
အခွင့်အရေးအတွက် ချီးမြှင့်တဲ့
Pierre Guenin Prize ဆုကို
ရရှိခဲ့ပါတယ်။



Illustrated by mar na

အက်ဒ်ဒီ ( ဝါဝါတင့်ဆွေ )
9 782022 000121

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၂)

# ပုံနှိပ်မှတ်တမ်း



## အက်ဒ်ဒီ

## ဝါဝါတင့်ဆွေ၊မြန်မာပြန်၊

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း - မာဏ

အတွင်းဒီဇိုင်း - ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ - ၇၀၀

စာအုပ်တန်ဖိုး - ၆၀၀၀ ကျပ်

ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ဝါဝါတင့်ဆွေ
အက်ဒ်ဒီ / ဝါဝါတင့်ဆွေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၂၀၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၂) အက်ဒ်ဒီ

mgyoe.com

mgyoe.com SAMPLE BOOK

စာ ရိပ် မြိုင်

## ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် | ထုတ်ဝေသည့်အကြိမ် |
|---|---|---|---|
| ၁။ | ပျိုး | အညာရယ် အလွမ်းရယ် မိချောရယ် | ပထမ |
| | ပျိုး | အညာရယ် အလွမ်းရယ် မိချောရယ် | ဒုတိယ |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး | ပထမ |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် | ပထမ |
| | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် | ဒုတိယ |
| | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် | တတိယ |
| ၄။ | လင်းရောင်နီ၊စဘော၊ | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ | ပထမ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် | ပထမ |
| ၆။ | မိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ | ပထမ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ | ပထမ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း | ပထမ |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် | ပထမ |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် | ပထမ |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ | ပထမ |

# အက်ဒ်ဒီ

ဝါဝါတင့်ဆွေ၊မြန်မာပြန်၊

စာရိပ်မြိုင်အမှတ်စဉ်(၁၂)

mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယ ၂၂ လမ်း၌ ဖခင် ဦးတင့်ဆွေ(မြန်မာ့ရေကြောင်းပို့ဆောင်ရေး)၊ မိခင် ဒေါ်ဆွေဆွေလှတို့မှ မွေးဖွားသန့်စင်ခဲ့သည်။ မွေးချင်း လေးဦးရှိသည့်အနက် အကြီးဆုံး ဖြစ်သည်။

တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ အလက ၈ ကျောင်း၌ သူငယ်တန်းမှ သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။ စတုတ္ထတန်း၌ မြို့နယ် ပထမဆု၊ ရန်ကုန်တိုင်းဆုများနှင့် ဂျပန်နိုင်ငံသို့ ပညာတော်သင် သွားရန် ပဏာမရွေးချယ်ခြင်း ခံရသည်။

ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မြို့မ အထက ၃ ကျောင်း၌ အဋ္ဌမတန်းမှစ၍ တက္ကသိုလ်ဝင်တန်းအထိ ပညာ ဆည်းပူးခဲ့သည်။

၁၉၉၅-၉၆ ပညာသင်နှစ်၌ ဒဂုံမြို့နယ်၊ မြို့မ အထက ၃ ကျောင်းမှ မြန်မာစာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ် ဂုဏ်ထူးများဖြင့် အောင်မြင့်ခဲ့သည်။

၁၉၉၈-၂၀၀၀ ခုနှစ်များ၌ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ပြင်သစ်ဘာသာ ညနေ သင်တန်းများ တက်ရောက်ခဲ့သည်။

၂၀၀၀-၂၀၀၃ ခုနှစ်များ၌ ရန်ကုန် ပြင်သစ် ယဉ်ကျေးမှုဌာန၌ ပြင်သစ်ဘာသာ ဒီပလိုမာ သင်တန်းများ တက်ရောက်ခဲ့သည်။

၂၀၀၄ ခုနှစ်၌ ရန်ကုန် စီးပွားရေး တက္ကသိုလ် စီးပွားရေး အုပ်ချုပ်မှုစီမံခန့်ခွဲမှု ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


၂၀၀၄-၂၀၀၅ ခုနှစ်၌ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၌ အချိန်ပိုင်း ဆရာမအဖြစ် ဧည့်လမ်းညွှန် ၄ တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထို့နောက် ကိုယ်ပိုင်သဘောဆန္ဒဖြင့် အလုပ်မှ ထွက်ခဲ့သည်။

၂၀၀၅-၂၀၀၆ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ Buddha-Dhamma ဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်၌ ဒဏ္ဍာရီ ခရီးသွားလုပ်ငန်း၌ ဧည့်လမ်းညွှန် တစ်ယောက်အဖြစ် စတင် လုပ်ဆောင်ခဲ့သည်။

၂၀၀၇ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ ပရဟိတလုပ်ငန်းများအနေဖြင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ ဘုန်းကြီးကျောင်း၌ ပြင်သစ်ဘာသာ အခမဲ့ သင်တန်းများ ပို့ချပေးခဲ့သည်။

၂၀၀၈ ခုနှစ်၌ ပထမအကြိမ်အဖြစ် ပြင်သစ်နိုင်ငံသို့ အလည်အပတ် ဖိတ်ကြားခြင်း ခံရသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ Freelance Guide (ပြင်သစ် -အင်္ဂလိပ်) ဧည့်လမ်းညွှန်အဖြစ် ကိုယ်တိုင် ခရီးစဉ်များ ရေးဆွဲ လုပ်ကိုင်ခဲ့သည်။

၂၀၁၂ ခုနှစ်၌ ကိုယ်ပိုင် Savoiemyanmar Travels & Tours Co., Ltd. (ဆဗွိုင် မြန်မာ့ ခရီးသွားလုပ်ငန်း) ကို စတင် တည်ထောင်ခဲ့သည်။ မန်နေဂျင်း ဒါရိုက်တာ ရာထူးဖြင့် ယနေ့ထိတိုင် စီမံခန့်ခွဲလျက် ရှိသည်။

၂၀၁၀ နှင့် ၂၀၁၄ ခုနှစ်များ၌ ထိုင်းနိုင်ငံသို့ အလည်အပတ်နှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ဆွေးနွေးရန် ဖိတ်ကြားခြင်း ခံရသည်။

၂၀၁၁ နှင့် ၂၀၁၄ ခုနှစ်၌ ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်နှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ဆွေးနွေးရန် ဖိတ်ကြားခြင်း ခံရသည်။

၂၀၀၈၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၆ ခုနှစ်၌ ဘယ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ စပိန်နိုင်ငံများသို့ အလည်အပတ်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ဆွေးနွေးရန် ဖိတ်ကြားခြင်း ခံရသည်။

ဝါသနာသည် ခရီးသွားခြင်း၊ စာရေး စာဖတ်ခြင်း၊ ကဗျာ စပ်ဆိုရေးသားခြင်း၊ သီချင်း နားထောင်ခြင်းများ ဖြစ်ကြသည်။

ယခုအခါ ရန်ကုန်မြို့၌ မိခင်ဖြစ်သူ ဒေါ်ဆွေဆွေလှ၊ ညီမငယ် ခင်ခင်ဝင်းရွှေ(ကြည်ပြာတင့်ဆွေ)တို့နှင့်အတူ နေထိုင်လျက် ရှိသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာပြန်သူ၏ အမှာစာ

၂၀၁၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေ၍ ၂၀၁၇ ခုနှစ်တွင် အင်္ဂလိပ်ဘာသာ၊ အခြားသော ဘာသာစကားများဖြင့် ပြန်ဆိုထုတ်ဝေခဲ့ကြသည့် တစ်သက်နှစ်ဘဝ ရှင်သန်ခဲ့ရသည့် "အက်ဒ်ဒီ" ဝတ္ထုသည် ပြင်သစ် စာရေးဆရာ အေဒူရာတ်လူးဝိစ်၏ ဘဝဇာတ်ကြောင်း ဖြစ်သည်။ စာရေးဆရာ၏ ပင်ကိုယ်ရေး အတ္ထုပ္ပတ္တိဖြစ်၏။ အေဒူရာတ်လူးဝိစ်အဖြစ် အမည်သစ်ကိုပြောင်းလဲ၍ လူသစ် စိတ်သစ် ဘဝသစ်ဖြင့် ရှင်သန်ရပ်တည်နေသော်လည်း ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ကျေးရွာလေး၌ ကြီးပြင်းခဲ့သည့် သူ၏ မိန်းမလျှာ အခြောက်ဘဝ ဇာတ်လမ်းကို လှစ်ပြခဲ့သည်။ စိတ်ကူးယဉ်ဇာတ်လမ်းတို့ထက်၊ လောက၌ တကယ်ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန် ဇာတ်လမ်းသည် ရင်နင့်စရာ ကောင်းလှသည် မဟုတ်လော။ အပုန်းတစ်ယောက် အဖြစ် မွေးဖွားလာသည့် အက်ဒ်ဒီဘဲလ်ကဲလ်၏ဘဝ ဖြစ်ရပ်မှန် ရေးသားခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်၌ လူးဝိစ်သည် ပြင်သစ်နိုင်ငံ၏ "Pierre Guénin Prize" စာပေဆုကို ရရှိခဲ့သည်။

အက်ဒ်ဒီ မိသားစုကြီးသည် အိမ်တွင်းအကြမ်းဖက်ခြင်း သံသရာ၌ လည်နေသည်။ အက်ဒ်ဒီ၏အဖေသည် မူးလာသည့်အခါတိုင်း၊ မိန်းမနှင့် သားသမီးများကို ရိုက်နှက်ခြင်း မရှိသော်ငြား၊ အိမ်နံရံကို လက်သီးဖြင့် ထိုးခြင်းဖြင့် သူပုန်ထသည်။ မိန်းမကို အကြမ်းဖက် ရိုက်နှက် စော်ကားတတ်သည့် လူမဆန်သည့် သူဖခင်၏

mgyoe.com

စရိုက်အတိုင်း၊ မျိုးရိုးလိုက်၍ စိတ်ကြမ်းလူကြမ်း ဖြစ်သည်။ အက်ဒ်ဒီ၏ အမေသည်လည်း သိုမှိုးထားသည့် အမျက်ဒေါသတို့အား ရုပ်မြင်သံကြား ကြည့်၍ အော်ဟစ်ဆဲဆိုခြင်းဖြင့် ဖြေဖျောက်သူ ဖြစ်သည်။

Gay Boy အဖြစ် မွေးလာရလာသည့် မူလဘူတ အခြေခံ ဇာစ်မြစ်အရင်းကို မည်သူတစ်ဦးတစ်ယောက်မှ နားလည်နိုင်မည် မဟုတ်။ လူ့အဖွဲ့အစည်းထဲ၌ အဘယ်အကြောင်းကြောင့် ချွတ်ယွင်းချက်ကြီးဖြင့် မွေးဖွားလာရသနည်း။ ကိုယ့်ခန္ဓာနှင့်ကိုယ်၊ ကိုယ်တိုင်အကျဉ်းသားတစ်ဦးအဖြစ် မွေးဖွားလာခဲ့သည်ကို မည်သူမှ သိနိုင်ခဲ့မည် မဟုတ်။ မွေးကတည်းက ဖြစ်တည်လာသည့် ဘဝအမှန်တစ်ခုက မိန်းမလျာလေးအဖြစ်။ လူ့လောကကြီးထဲ၌ လူတောမတိုးသည့် ဂျိုပုန်းဘဝကို အဘယ်အကြောင်းကြောင့်များ ရောက်လာခဲ့ရသနည်း။ ယောကျ်ားကိုယ်နှင့် မိန်းကလေးအသွင်၊ နူးညံ့သိမ်မွေ့သည့် အမူအကျင့်တို့သည် မွေးဖွားလာကတည်းက ပါလာသည့် ပင်ကိုယ်ဗီဇစိတ် ဖြစ်၏။ မွေးရာပါဗီဇစိတ်ကို မလိုချင်၍လည်းမရ၊ လက်မခံ၍လည်းမဖြစ်၊ လက်ခံ၍လည်း မဖြစ်သည့်အနေအထား။ မွေးရာပါ လိင်စိတ်ခံယူမှုကြောင့် မိန်းမလျာတစ်ယောက် ဖြစ်သည်။ စာသင်ကျောင်း၌ အောက်ကျနောက်ကျ ဖြစ်ခဲ့ရသည့် "အရွယ်မတိုင်မီက အကြောင်း ပြန်ပြောင်းပြောရမယ်ဆိုရင် ပြောစရာတွေချည်းပါပဲ" ဟု နိဒါန်းချီကာ အရွယ်နှင့်မမျှအောင် ခံစားခဲ့ရသည့် သူ့ဒုက္ခဝေဒနာများနှင့် သူ့ခံစားချက်များကို ရင်ဖွင့်ပြောပြ၍ မိသားစု၏ ဘဝဖြစ်ရပ်မှန်များအားလုံးကို ချပြခဲ့သည်။ အကြိမ်ကြိမ် နင်းချေခံရသည်။ အကြိမ်ကြိမ် ပြန်ကုစားနိုင်ခဲ့သည်။ သူ့ဘဝ ဒဏ်ရာဒဏ်ချက်တို့ကို ဖွင့်လှစ်ပြသရာ၌ ကရုဏာ ရသကို ရရှိခံစားစေခဲ့သည်။ ကိုယ်ချင်းစာတရားနှင့် လူ့လောကကြီးထဲ၌ လိင်တူချစ်သူ လူသားတို့၏ လိုအင်ဆန္ဒတို့ကို ကြည့်တတ်မြင်တတ်နိုင်ရန် လမ်းညွှန်ထားသည်။ ပြင်သစ်ကျေးလက်ဒေသရှိ စက်ရုံလုပ်သား၊ ပျံကျအလုပ်သမားတို့၏ လူနေမှုစရိုက်တို့ကိုလည်း သိမြင်စေခဲ့သည်။

ဆင်းဆင်းရဲရဲ ကြီးပြင်းလာခဲ့ရသည့် LGBTဂေးတစ်ယောက်၊ ပတ်ဝန်းကျင်မှ ပြစ်တင်ရှုံ့ချ စော်ကားခြင်း၊ စာသင်ကျောင်း၌ ကျောင်းသားအချင်းချင်း ညှင်းပန်းနှိပ်စက်ခံရခြင်းတို့ကို ပြန်ပြောင်း ပြောပြခဲ့သည်။ ကလေးချင်း၊ လူငယ်ချင်း လိင်မှုဆိုင်ရာ အမြတ်ထုတ်ခံရခြင်းများအကြောင်းကို ချပြခဲ့သည်။ အက်ဒ်ဒီသည် စာရေးဆရာ ဖြစ်လာသည့်အခါ၊ သူ့ဘဝ သူ့အတ္ထုပ္ပတ္တိကို ရေးသားရာ၌ မိန်းမလျာဘဝမှ အဖြစ်အပျက်တို့ကို အိပ်သွန်ဖာမှောက် ပွင့်လင်းစွာပြောပြခဲ့သည်။ အရေး

mgyoe.com

mgyoe.com

အသား ပွင့်လင်းလှသဖြင့် မြန်မာဘာသာပြန်သည့်အခါ မြန်မာစာပေ ပရိသတ်တို့အတွက် သင့်တင့်လျောက်ပတ်သော စကားလုံးများ ရွေးချယ်ခဲ့ရပါသည်။

သတ္တဝါမှန်သမျှ ကြုံတွေ့ကြရသည့် လောကဓံ အထုအထောင်းနှင့် အိမ်ထောင်ရေးပြဿနာများ၊ အိမ်တွင်းအကြမ်းဖက်ခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ အကြောက်တရားများ၊ ကြိုးစားပမ်းစား ရပ်တည်နိုင်ခြင်းများအပြင် မိန်းမလျာတစ်ယောက်၏ လိင်ပိုင်းဆိုင်ရာနှင့် လိင်တူလိင်ကွဲပြဿနာ၊ လူငယ်နှင့် တဏှာရာဂ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ပညာရေးအသိအမြင်စသည်တို့ကို တွေ့မြင်ရပေမည်။

*ကျေးဇူးတင်ပါတယ် . . .*
ဝါဝါတင့်ဆွေ

mgyoe.com

mgyoe.com SAMPLE BOOK

နာမည်လေးတစ်လုံး နှုတ်က ထွက်ကျလာဖို့တောင်
ကပေါက်တိ ကပေါက်ချာ ဖြစ်ခဲ့ရတယ်။

မာကရက်တ် ဒြူရာစ်

mgyoe.com

mgyoe.com SAMPLE BOOK

# - တစ် -

## ပီကာဒ်ဒီမြို့
## (ပြင်သစ်နိုင်ငံ မြောက်ပိုင်း)

၁၉၉၀ - ၂၀၀၀

mgyoe.com

mgyoe.com SAMPLE BOOK

# အရွယ်မတိုင်မီကအကြောင်း ပြန်ပြောင်းပြောရမယ်ဆိုရင် ပြောစရာတွေချည်းပါပဲ။

ကျွန်တော်၏ အရွယ်မတိုင်မီဘဝသည် ပျော်စရာဆိုသည့်အရာ မရှိသလောက် ရှားပါးလှသည်။ လူတိုင်း လူတိုင်းတွင် ဝမ်းနည်းကြေကွဲမှု၊ ပျော်ရွှင်ဝမ်းသာမှုတို့နှင့်အတူ ဒွန်တွဲပါလာတတ်သည့် ဝမ်းနည်းဝမ်းသာစိတ်တို့ ရှိစမြဲ။ သို့သော် အရွယ်မတိုင်မီကာလသည် နေချင့်ဖွယ်ကောင်းတာ ဆို၍ ဘာမှမရှိခဲ့သလို၊ ငယ်စဉ်ကလေးဘဝတစ်လျှောက်လုံး ပျော်ရွှင်စရာ တစ်ခုတလေမျှ မရခဲ့ပါဘူးလို့ သိမ်းကျုံးမပြောချင်သော်လည်း၊ ပြောမယ်ဆို ပြောစရာစကား အများကြီးပါပဲ။ ကျွန်တော့်၌ ပျော်စရာသုခ နည်းပါးသလောက်၊ သောက ဝန်ထုပ် ဝန်ပိုးဆိုသည့်အရာသည် သူလို ကိုယ်လို မဟုတ်ဘဲ အလုအယက် အလုံးအရင်းနှင့် ရှိနေခဲ့ပါသည်။ ဆင်းရဲ ဒုက္ခတို့ဖြင့် ပင်လယ်ဝေခဲ့ရပြီး ကံဆိုးမိုးမှောင် ကျခဲ့ရသည်။ သို့သော်ငြားလည်း ပင်ပန်းနွမ်းနယ်စွာ ရုန်းကန် ရှင်သန်ခဲ့ရခြင်း၌ စိတ်ချမ်းသာမှုတို့သည်လည်း ပါဝင်နေခဲ့သည်။

ရွယ်တူ ကောင်လေး နှစ်ယောက်သည် ကျောင်းစာကြည့်တိုက်သို့ သွားရာစကြီလမ်း၌ ရုတ်တရက် ထွက်ပေါ်လာခဲ့ကြသည်။ ပထမကောင်လေးသည် အရပ်မြင့်မြင့် ဆံပင်နီကြင်ကြင်။ ဒုတိယတစ်ယောက်သည် သေးညှက်ညှက် ပုပုတိုတိုနှင့် ခါးကုန်းကုန်း ဖြစ်သည်။ အရပ်မြင့်မြင့် မုန်လာဥနီရောင်ဆံပင်နှင့် ကောင်လေးသည် ကျွန်တော့်မျက်နှာပေါ်သို့ ထွီခနဲ မြည်အောင် တံတွေး ထွေးလိုက်သည်။

mgyoe.com

"ဘယ်နှယ့်လဲ ဂန်ဒူး။ မင်း သဘောကျတယ် မဟုတ်လား"

ပျစ်ချွဲနေသည့် တံတွေးတို့သည် ကျွန်တော့်ပါးပြင်ပေါ်သို့ တရွေ့ရွေ့ ကျလာသည်။ နေမကောင်း ဖြစ်နေသည့် လူအိုလူနာတစ်ယောက် ချွဲသလိပ် ခပ်လိုက်သည့်အခါ လည်ချောင်းထဲက ထွက်လာသည့် ပျစ်ချွဲချွဲအဝါရောင် တံတွေးနှင့် တူသည်။ အနံ့ပြင်းပြင်း အော်ကလီဆန်စရာ ကောင်းလွန်းလှ၏။ ထို့နောက် ကောင်လေး နှစ်ယောက်ဆီမှ လှောင်ပြောင် ရယ်သံ တဟဲဟဲနှင့်အတူ "ဟေ့ကောင် ကြည့်စမ်း သူ့မျက်နှာကို ကြည့်စမ်း၊ ကြောင်ချီးစားမိတဲ့ရုပ်. . . " စီးကျနေသည့် တံတွေးတို့သည် နှုတ်ခမ်းသားပေါ်သို့ ရောက်လုလု။ ပါးစပ်ထဲသို့ ဝင်လုလု။ ပါးစပ်ထဲဝင်သွားလေမလားတထိတ်ထိတ်ပေါ့။ သို့သော် ကျွန်တော်သည် ရွံစရာကောင်းလှသည့် တံတွေးတို့ကို မသုတ်ပစ်ရဲခဲ့။ ကျွန်တော်သည် တုန်လှုပ်ချောက်ချားလျက် ရှိသည်။ တကယ့်ကို တစ်စက္ကန့်လေးတောင် မလှုပ်ရဲတာဖြစ်လိမ့်မည်။ တံတွေးတို့ နှုတ်ခမ်းသားပေါ် ရောက်လာမည်ကို စိုးရွံ့ခဲ့ခြင်းထက်ပို၍ ထိုကောင်လေး နှစ်ယောက်အပေါ် ကြောက်သည့် ကျွန်တော်၏ ကြောက်စိတ်သည် သာလွန်နေခဲ့သည်မှာ အမှန်ပင်။ မလှုပ်ရဲဘဲ ငြိမ်သက်နေခြင်းက သူတို့လုပ်သည့် လုပ်ရပ်ထက် ပို၍ အကြောက်လွန်နေခြင်းသာ ဖြစ်သည်။ သူတို့ ဘာတွေ ပြောနေကြတာလဲ၊ ဘာကြောင့် ဒီလိုလုပ်တာလဲ မစဉ်းစားနိုင်သလို၊ သူတို့၏စကားများကိုလည်း နားမလည်။ သို့ပေမင့် အခုလို အနိုင်ကျင့်ခံရခြင်းသည် ကျွန်တော့်ဘဝတွင် အသစ်အဆန်း မဟုတ်ခဲ့သည်မှာ အချိန်တော်တော်ကြာပြီ ဖြစ်၍ ရိုးနေပြီ။ ကျွန်တော် ကောင်းကောင်း မှတ်မိနေပါသေးသည်။ အရုပ် ကျိုးပြတ် မူးရူးနေသည့် အဖေ။ အဖေ၏ အရင်းနှီးအခင်မင်ဆုံးနှင့် အတွင်းသိအစင်းသိ သောက်ဖော် စားဖက်ရောင်းရင်းတို့သည် အချင်းချင်း ရန်ဖြစ်ကြ၊ နှာခေါင်းက သွေးထွက်ရုံသာမက၊ ပါးစပ်ထဲက သွားကျွတ်သည်အထိ ထိုးကြကြိတ်ကြသည့် မြင်ကွင်း။ အရက်သမားယောက်ျားကြီးများ၏ မထီမဲ့မြင် ရိုင်းရိုင်းစိုင်းစိုင်း အကြည့်ဆိုးတို့သည် အမေ့ထံသို့ ရောက်လာတတ်ကြသည်။ ထိုအခါမျိုး၌ အရက်မူးသံ ပလုံးပထွေးဖြင့် "ငါ့ . . . မိန်းမကိုကြည့်တာ ဘယ်ကောင်လဲကွ၊ မိုက်ရင်ထွက်ခဲ့. . . " ဟူ၍ ဒဏ်ရာ ဗလပွနှင့် အယုတ္တ အနတ္တ ဆဲရေး တိုင်းထွာ ရန်ထောင်တတ်သည့် အဖေ။ ပြာမွဲသော မျက်နှာ၊ ညှိုးငယ်သည့်အကြည့်နှင့် "တော်ပါတော့ ယောက်ျားရယ်၊ ဘယ်သူမှ မကြည့်ပါဘူး၊ တိုးတိုး ပြောစမ်းပါရှင်" ဟူ၍ တဖွဖွပြောကာ အရက်သမားကို လင်လုပ်နေရသည့် အမေ။ ထိုအဖြစ်တို့သည် နေ့စဉ်လိုလို မြင်နေရသည်။ အဖေ၏

mgyoe.com

mgyoe.com SAMPLE BOOK

အပေါင်းအသင်းရောင်းရင်း ဆိုသူတို့သည် အတူတူ လည်ပင်းဖက်ပေါင်းကြ၊ သောက်ကြမူးကြပြီး၊ အချင်းချင်း အသေအလဲ ရိုက်နှက်တတ်ကြသူများ ဖြစ်ကြပြန်သည်။ အဖေ၏ ဖောသွပ်သွပ် မျက်နှာကြီးသည် ထိုသူတို့၏ ထုနှက်ရိုက်ခံထားရသဖြင့် အမြဲတမ်းဖူးရောင်နေပြန်သည်။ အဖေသည် အိမ်က ကြောင်တွေထဲက ကြောင်တစ်ကောင်သားပေါက်၍ ကြောင်အိမ်သာထဲမှာ မွေးကင်းစ ကြောင်ပေါက်ကလေးတွေ ရှိလာပြီဆိုလျှင် ကြောင်ပေါက်လေးများကို စူပါမားကတ်ကပေးသည့် ပလတ်စတစ် အိတ်ထဲသို့ထည့်၍ ဘီလပ်မြေဖျော်သည့် အပြားဖြင့်လွှဲကာ ရိုက်နှက်သည်ကို မျက်စိဖြင့် တပ်အပ်မြင်ခဲ့ရသည်။ အိတ်သည် သွေးတို့ဖြင့် ပြည့်ကာ ဆန့်ငင် ဆန့်ငင်နှင့် အတန်ကြာ တမြောင်မြောင်အော်နေသည့် ကြောင်သံများ ငြိမ်သက်သွားသည်အထိ ရိုက်သတ်တတ်သည်။ သွေးစိမ်းနံ့တို့ဖြင့် နံစော်နေသည်။ ခြံထဲတွင် အရှင်လတ်လတ်ဝက်များကို လည်လှီး၍ သတ်နေသည့် အဖေ့ကို နေ့စဉ်လိုလို မြင်တွေ့နေရပြန်သည်။ သူသည် ပူနွေးနေသည့်ဝက်သွေးများဖြင့် ဝက်အူချောင်းလုပ်ရန်၊ အူချောင်းသွတ်ရန်ကြိတ်ထားသည့် အသား စသည်ဖြင့် အော်ဒါယူ၍ လုပ်ကိုင်ပေးသည့် သားသတ်သမားအလုပ်ကို ပျော်မွေ့သူ။ ထိုသို့လုပ်ရသည်ကိုလည်း ကျေနပ်နေသူ။ တိရစ္ဆာန်ကို ရက်ရက်စက်စက် သတ်ဖြတ်နေခြင်း။ ကျွန်တော်သည် သွေးရောင်တလက်လက် ထွက်နေသည့် အဖေ့မျက်နှာကိုကြည့်ရင်း နေ့စဉ်နှင့်အမျှ စိုးရွံ့ထိတ်လန့်မိသည်။ အဖေ့မျက်နှာသည် ကြောက်စရာကောင်းလှသည်။ သူ့ နှုတ်ခမ်း၊ မေးစေ့နှင့် အင်္ကျီ၊ အဝတ်အစားတို့သည် သွေးတို့ဖြင့် ပေကျံနေတတ်သည်။ "လတ်လတ် ဆတ်ဆတ် သတ်လိုက်တဲ့ တိရစ္ဆာန်ဆီက ထွက်လာတဲ့ သွေးက အကောင်းဆုံးကွ" ဟု ပြောတတ်သည်။ ဤသို့ဖြင့် ဝက်တို့၏ မချိမဆန့် အော်သံနှင့် သွေးသံတရဲရဲ မြင်ကွင်း၊ သွေးစိမ်းနံ့များဖြင့် အဖေ၏ အော်ဟစ်ကြုံးဝါးသံ၊ အော်ကြ၊ ဟစ်ကြသံတို့သည် ရွာလမ်းတစ်လျှောက် သောသောညံ၍ သွားသည်။

ဆယ်နှစ်သား ကျွန်တော်သည် ကျောင်းသားသစ်ဖြစ်သည်။ ရွယ်တူကောင်လေးနှစ်ယောက် ကျောင်းစင်္ကြံလမ်းမှ ရုတ်တရက် ဘာကြောင့် ထွက်လာကြသည်ကို ကျွန်တော်မသိသလို သူတို့ကိုလည်း တစ်ခါမှ မမြင်ဖူးခဲ့။ ယုတ်စွအဆုံး သူတို့၏အမည်များကိုလည်း မသိခဲ့။ ယခုကဲ့သို့ ကျောင်းသားအချင်းချင်း စိတ်မချမ်းမြေ့စရာကောင်းလှသည့် နိုင်ထက်စီးနင်း အဖြစ်အပျက်သည် ဤကျောင်းသေးသေးလေး၌ ဘယ်တုန်းကမျှ မဖြစ်ခဲ့။ မဖြစ်စဖူး ထူးခြားနေသည်။ အဘယ်ကြောင့်ဆိုသော်

mgyoe.com

mgyoe.com
SAMPLE BOOK

ကျောင်းသားနှစ်ရာခန့်သာရှိသည့် ကျောင်းတစ်ကျောင်းအဖို့ တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ပါက အချင်းချင်းမသိစရာအကြောင်းမရှိ။ သူတို့သည် အဘယ်ကြောင့် ဒီလောက်တောင် ရိုင်းစိုင်းကြရသနည်း။ အခြောက်တိုက် ရန်စကြသည်။ မထိတတိ ရိသဲ့သဲ့ အပြုံးများနှင့် ကျွန်တော့်မျက်နှာအနားသို့ ကပ်၍ တံတွေးထွေးကြသည့် သူတို့ကို ကျွန်တော် လုံးဝမသိရိုးအမှန်။ ကျောင်းစည်းကမ်းအရ ကျောင်းသားတစ်ဦး နှင့် တစ်ဦးအချင်းချင်း မိတ်ဆက်ခြင်းသည် ထိုသို့ရိုင်းရိုင်းစိုင်းစိုင်း မဟုတ်ကြ။ ကျောင်းသားအချင်းချင်း မေတ္တာရှေ့ထားရမည်ဟု ဆောင်ပုဒ်နှင့် စာသင်ကျောင်း၌ ကျောင်းသားအချင်းချင်း ကြင်နာမှု ခေါင်းပါးခြင်းကို တွေ့ခဲ့ရသည်။ စာသင်ကျောင်းများ၌ ကိုယ်၏ကျန်းမာခြင်းအတွက် အားကစားကွင်းများ၊ ကစားစရာများ ထားရှိကြသော်ငြား၊ စိတ်၏ကျန်းမာရေးအတွက်ကား ထင်ရှားသောနည်းလမ်းများ ကို မထားပေးနိုင်ကြပေ။ စိတ်၏ကျန်းမာခြင်းသည် တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သည်မဟုတ်ပါလော။ ထို့ကြောင့် ကျွန်တော့်အပေါ် သူတို့၏မိတ်ဆက်ခြင်းသည် ဤနည်းဖြင့် အစပြုခဲ့ကြသည်။ တခြားကျောင်းသား များသည်လည်း ကျောင်းသားသစ် ကျွန်တော့်ကို အဘယ်ကြောင့် မခေါ် မပြော နှုတ်ဆက်ခြင်း မရှိကြရသနည်း။ ကြဉ်ဖယ်ထားကြသနည်း။ ကမ္ဘာပေါ်ရှိ စာသင် ကျောင်းတိုင်း၏ အားကစားကွင်းသည် ကျောင်းသားများအတွက်၊ သာတူညီမျှ ဖြစ်သော်လည်း အားကြီးသည့် ကျောင်းသားကြီးများသည် အားနည်းသည့် ကျောင်း သားလေးများကို အနိုင်ကျင့်၍ ပုတ်ခတ်တွန်းထုတ်ကြသည်။ အမေက အလုပ်သမား ဘဝအကြောင်း ပြောတဲ့အခါအတိုင်း "မစားရ မသောက်ရ ပိန်ကပ်နေတဲ့ ကြွက် နှင့် အဆီကို စားပါလို့ အသားကိုပါ မြိုတတ်တဲ့ ကြောင်ပါးကြီးလို၊ ငါတို့ကလည်း ကြောင်နှင့် ကြွက်လိုဘဝမျိုးပါပဲ၊ ဘဝဆိုတာ ဘယ်နေရာ ကြည့်ကြည့် ဒီလိုပဲ" ဟု ကျွန်တော့်အား ပြောဖူးသည်ကို ပြန်၍ အမှတ်ရမိသည်။

ကျောင်းစကြံလမ်းထဲတွင် သူတို့က ကျွန်တော့်မျက်နှာနားကပ်၍ "ဟော့ ကောင် မင်း ဘယ်သူလဲ၊ ဘယ်သူ့ သားလဲ၊ မင်း အဖေ ဘယ်သူလဲ" ဟု မေးကြသည်။ "ဘယ်လ်ကဲလ် ပါ ခင်ဗျာ" လို့ ဖြေလျှင် လူတိုင်းသည် ထိုအကြောင်းကို လှောင် ပြောင်၍ ဖောက်သည်ချကာ ပြောကြသည်။ ဘာအကြောင်းမှ မရှိဘဲ သက်သက်မဲ့ နိုင်ထက်စီးနင်း လုပ်ကြရသည်ကို အရသာတွေ့ကာ သဘောအတွေ့ကြီး တွေ့နေ ကြသည်။ ရက်မှလ၊ လမှ နှစ် တိုင်အောင် သူတို့မေးသည့်မေးခွန်းကို ထပ်လဲလဲ ဖြေကြားခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့ကောင်. . . အခြောက်၊ မင်းက မိန်းမလျာ ဟုတ်တယ်မလား ဖြေစမ်း"

သူတို့၏ ပုတ်ခတ် လှောင်ပြောင်သောအသံဖြင့် မေးလိုက်ခြင်းက ကျွန်တော့်ကိုယ်ခန္ဓာတွင် သံရိုက်ထည့်လိုက်သကဲ့သို့ ရုပ်ခန္ဓာသည် နာကျင်လွန်းလှသည်။ သံမှိုစွဲနေသည့် အမာရွတ်တို့သည် စိတ်အတွင်းပိုင်းထိ တိုင်အောင် မချိမဆန့်။ ရှေးဂရိ စစ်သည်များ အဆုံးစီရင်ခြင်း ခံရသလို လည်မျိုမှ ခန္ဓာကိုယ်ထဲသို့ လှံများ၊ ဓားများဖြင့် တံကျင် ထိုးသတ်လိုက်သလို ခံစားရသည်။ သို့သော် ကျွန်တော်သည် တုံဏှိဘာဝေ ပြုမြဲ ပြုလျက်။ ကျွန်တော့်အနေဖြင့် နည်းနည်းလေးမျှ မစွန့်စားရဲ။ ပြန်မပြောရဲ။ လူတစ်ယောက် ဖြစ်သော်ငြားလည်း ကြောင်တစ်ကောင်လောက်တောင် ပေါ့ပေါ့ပါးပါး မရှိခဲ့။ ခွေးတစ်ကောင်လောက်တောင် မရဲရင့်ခဲ့။ သူတို့ မေးမြန်းလိုက်သည့်အခါတိုင်း ပထမဆုံးအကြိမ် တွေ့ဖူးသကဲ့သို့ တုန်လှုပ်ချောက်ချားမြဲ။ ကြောက်ရွံ့မြဲ။ အလန့်တကြားဖြစ်မြဲ။

ခက်ခဲကြမ်းတမ်း၊ စုတ်ပွဲသောဘဝ၌ ယုံကြည်မှုတို့သည်လည်း ပျောက်ဆုံးနေသည်။ အခြောက်၊ ဂေး. . . ဆိုသည့် စကားလုံးသည် နားစည်ထဲတွင် အကြိမ်ကြိမ် မြည်ဟီးရိုက်ခတ်၍ စွဲနေသည်။ ထိုစကားကြားတိုင်း ကျောချမ်းသည်။ ထိုစကားကိုကြားရတိုင်း ဒေါသထွက်ရသည်။ နာကျင်ရသည်။ ထိုစကားလုံးသည် မကောင်းသော အငွေ့အသက်များ ပါရှိနေသည်ဟု ခံစားရသည်။ လူတိုင်း၌ ကိုယ်ပိုင်အမည်နာမများ ရှိကြသည် မဟုတ်ပါလော။ ကျွန်တော်အမည် အက်ဒ်ဒီ ဘဲလ် ကဲလ်။ သို့သော် သူတို့သည် ကျွန်တော့်အား အပုန်းတစ်ယောက်။ ကျွန်တော့်အမည်ကို မခေါ်။ ကျွန်တော် မကြိုက်သည့်နာမ်စားကိုသာ ခေါ်ဝေါ်ခဲ့ကြသည်။ နှုတ်ခမ်းမှာ ပြုံးရယ်တော့မတတ် တွန့်လျက်ရှိကာ ခပ်မှုန်မှုန်အပြုံးနှင့် ကျွန်တော့်မျက်လုံးတွင်၊ မျက်ရည်တို့က၊ ဝေ့ဝဲလာတတ်သည်။ အသိဉာဏ်ဦးနှောက်တို့သည် ပေါက်ကွဲလုမတတ်၊ ကမောက်ကမ ဖြစ်ကာ နှလုံးခုန်သံတို့သည်လည်း မြင်းကဲ့သို့ တဆတ်ဆတ် ခုန်ပေါက်နေသည်။ ကျွန်တော်သည် သူတို့၏ ကောက်ကျစ်စဉ်းလဲသည့် စိမ်းကားကား မျက်လုံးများနှင့်မဆုံအောင် ရှောင်ပုန်းနေခဲ့ရသည်။

ပိန်ညှော်ကြုံလှီသော လူဖလံလေးကျွန်တော်သည် သူတို့ကို မကျေနပ်၍ သူတင် ကိုယ်တင် တိုက်ခိုက်ရန်ဖြစ်ကြမည်ဆိုပါက လက်မနှင့် တွန်းလှဲချင်ပင် လဲကျသွားနိုင်သည်။ သူတို့သည် ကျွန်တော့်ကို ဖယ်ရှား တွန်းထိုးသွားကြကာ အပေါ်မှ ကျော်လွှားသွားကြသည်။ ကျွန်တော်သည် အစားကို တို့ကနန်း ဆိတ်က

mgyoe.com

mgyoe.com SAMPLE BOOK

နန်းသာစားသည်။ တနေ့တခြား ပိန်ချုံးနေသဖြင့် အိမ်၌ အရိုးခြောက်ဟု ခေါ်ကြသည်။ ကမ္ဘာ့ဌာန်းရုပ်လို နံရိုးပြိုင်းပြိုင်း။ အဖေက စိတ်ဆိုးမာန်ဆိုးဖြင့် "ဟော့ကောင်၊ မင်းပုံစံက လေတိုက်ရင်တောင် လဲသေနိုင်တဲ့ အနေအထား. . . အရိုးချည်းပဲ" ဟု ပြောနေကြ။ တစ်ရွာလုံးရှိ ကျားမ မရွေး လူတိုင်းနီးပါးသည် အဝလွန်နေကြသည်။ ဗလကြီးများ၊ လူဝကြီးများ ဖြစ်ကြသည်။ အဖေနှင့် အစ်ကိုကြီးသည် ဆူဖြိုးကာ ကိုယ်လုံးကြီးထွားကြသူများ ဖြစ်ကြသည်။ မိန်းမကြီးများသည်လည်း ဖက်တီးမကြီးများ ဖြစ်ကြသည်။ သူတို့အားလုံး တညီတညွတ်တည်း ပြောတတ်ကြသည်က "ဘယ်သူမှ ဆာလောင်ပြီး မသေချင်ဘူး၊ စားတာ ဘာများ မှားလို့လဲ၊ လူ ဝတာ အပြစ် မဟုတ်ဘူး၊ အထင်သေးလို့ မရဘူး၊ သူများ စော်ကားလို့ မရဘူး၊ မင်းက ပိန်တာရိုး၊ သူများ အနိုင်ကျင့်ခံရလို့ သေမယ့်အကောင်" (နောက်ပိုင်းနှစ်များတွင် ကျွန်တော်သည် မိဘညီအစ်ကိုမောင်နှမများကဲ့သို့ ဝဖြိုးလာနိုင်ရန် ကြိုးစားခဲ့ပါသေးသည်။ ကျောင်းဆင်းချိန်၌ အဒေါ်ပေးသည့် မုန့်ဖိုးပိုက်ဆံထဲမှ အာလူးကြော် ကဲ့သို့သော အဆီများသည့် အဆာပြေသရေစာများ ဝယ်စားခဲ့သည်။ အဖေနှင့် အမေသည် သားသမီးများအား ကျောင်းမုန့်ဖိုး ဘယ်တုန်းကမှ မပေးနိုင်ခဲ့။ မုန့်ဖိုးပေးစရာ ပိုက်ဆံ မရှိ။ သူတို့သည် ခြူးတစ်ပြားမှ မရှိ။ အမေချက်သည့် ဟင်းလျာတို့သည် အဆီများလွန်းလှသည်။ မိတ်ဆွေတစ်ဦးတစ်ယောက်မှ မြည်းကြည့်ချင်စိတ် မရှိခဲ့ကြ။ အဆီများလွန်းလှသည့် ဟင်းလျာတို့ကြောင့် အဖေနှင့် အစ်ကိုကြီးကဲ့သို့ လူဝကြီးဖြစ်လာမည်ကို ကြောက်လှသည်။ ဖက်တီးဖြစ်မှာကို ကြောက်၏။ သူတို့ကို မနှစ်မြို့။ (ကျွန်တော်က ကီလို နှစ်ဆယ် စွန်းရုံ။)

ကျောင်းတွင် ပထမ၌မူကား သူတို့သည် ကျွန်တော့်အား သူတို့လက်ချောင်းများဖြင့် တွန်းရုံတွန်းကြသည်။ ကျွန်တော်သည် တွန်းရုံနှင့်ပင် အလဲလဲအပြိုပြိုဖြစ်ရသည်။ သူတို့သည် ကျွန်တော့်အဖြစ်ကို ကြည့်၍ အပျော်ကြီး ပျော်ကြသည်။ လှောင်ပြောင် ရယ်မောကြသည်။ ထို့နောက် သူတို့သည် တစ်ဆင့်တက်ကာ ကျွန်တော့်ကို ဖျစ်ညှစ်ထားပြီး နောက်ဆုံးတွင် ဦးခေါင်းကို ကိုင်၍စကြံလမ်း၏ အုတ်နံရံတွင် ရိုက်ကြသည်။ အုတ်နံရံနှင့် ကျွန်တော့်မျက်နှာကို ဆောင့်ကြသည်။ ကျွန်တော် ဘာစကားမှ ထွက်မလာ။ စကားလုံး ရှာမရအောင် ဆွံ့အ,နေခဲ့သည်။ အကြောက်ကြီး ကြောက်နေခဲ့သည်။ သူတို့၏အော်သံကို ယခုတိုင် မှတ်မိနေပါသေးသည်။ "အလကားကောင်၊ ဂန်ဒူး ၊ အပုန်း" ဟု ဆိုကာ သူတို့ထဲမှ တစ်ယောက်သည် ကျွန်တော့်အား ဘောလုံးတစ်လုံး ကန်သလို ကန်ကြောက်သည်။ သူတို့

mgyoe.com

mgyoe.com SAMPLE BOOK

စကားလုံးကြောင့် ဆတ်ဆတ်ခါ နာသွားသော်လည်း ဘာမှ မတတ်နိုင်။ ဘာမှ ပြန်မလုပ်နိုင်ခဲ့။ ဆင်ကျီစားရာ ဆိတ်မခံသာ ဆိုသည့်အတိုင်း မိ-မနိုင်ဖ-မနိုင် သားများ၏ဒဏ်ကို ခံခဲ့ရသည်။ တင်တင်စီးစီး အကြည့်ဖြင့် "ဒီကောင့်ကို ချုပ်ထား ကြစမ်း။ ခေါင်းကို ရိုက်ခွဲမယ်၊ ခြေထောက်ကို ရိုက်ချိုးပစ်၊ သေအောင်ကို ရိုက်ပစ် မယ်" စသည်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့်တက်ကာ အနိုင်ကျင့်ရိုက်နှက်ကြသည်။ ကျွန်တော့်ကို ထုနှက်ရိုက်ကာ အနိုင်ကျင့်ရလေလေ၊ သူတို့မျက်နှာများက ပြုံးပျော် လေလေ။ ထို့ပြင် ဒေါသနှင့် အမုန်းကို သူတို့မျက်နှာများတွင် မြင်နေရသည်။ အဘယ်ကြောင့်နည်း။ ကျွန်တော့်ဗိုက်ကို ကန်ကြောက် ထိုးနှက်ကြသည်။ မည်း မှောင်နေသည့် ချောင်ထဲတွင် အုတ်နံရံနှင့် ခေါင်းကို ကွဲမတတ် ရိုက်နှက်ကြသည်။ လူတစ်ယောက်အနေနှင့် တွေးကြည့်ဖို့ မရဲသည့်အခန်းကဏ္ဍတစ်ခု။ ရိုက်နှက် ခံရခြင်းသည် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုသာမက စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံ ရခြင်း၊ အစော်ကားခံရခြင်း။ တစ်ကိုယ်လုံးနာကျင်၍ ဒဏ်ရာ ဗလပွနှင့် ဝေဒနာကို ပြင်းစွာ ခံစားနေရသည့် လူကြောက်ကလေး ကျွန်တော့်နေ့စဉ်ဘဝ တွေးကြည့်တာ နှင့်တင် ကြောက်စရာကောင်းလှသည်။ စာသင်ကျောင်း၌ ကျောင်းသားတိုင်းကို ကြောက်ပြီး ခေါင်းမဖော်ဝံ့ဘဲ ရှိနေခဲ့ရသည်။ တုန်လှုပ်ချောက်ချားနေရသည်။ အကြောက်တရားက အကြီးအကျယ် စိုးမိုးနေခဲ့သည်။ ကျောင်းပြင်ပရှိ လူ့လောက ကြီး၌ ကြီးနိုင်ငယ်ညှဉ်းဆဲ အဖြစ်များကို တွေ့နိုင်ကြပါသည်။ လူ့သဘာဝတွင် ကြောင်သူတော်တို့၏ လုပ်ရပ်ကြောင့် လူလူချင်း ကိုယ်ကျိုးနည်းကြရသည်။ ရုပ်ပိုင်း ဆိုင်ရာ ထိခိုက်နာကျင်ခြင်းအကြောင်း သူတို့မတွေးကြ။ သူတို့၏လုပ်ရပ်သည် နားလည်ရန် ခက်ခဲလှသည်။ သူတို့၏ ယုတ်မာမှုကြောင့် မိမိ၏ ဖြစ်တည်မှု ဘဝကို စိတ်ကုန်လာမိသည်။ မိမိကိုယ်ကို တန်ဖိုး မရှိသူကဲ့သို့ မြင်မိသည်။ ကျွန်တော်၏ လူဖြစ်ရခြင်းဒုက္ခသည် ကြီးလွန်းလှ၏။ လူသားတစ်ယောက်တွင် နာကျင်တတ်သည့် ခံစားချက်ရှိသည်ကို သူတို့ မသိလေရော့သလား။ ရှက်ရွံ့စိတ်၊ အားငယ်စိတ်၊ ကြောက်စိတ်များဖြင့် မေ့နိုင်ဖွယ်မရှိသည့် ငယ်ဘဝ အဖြစ်အပျက်တို့သည် မနေ့ တစ်နေ့ကအလား ယခုတိုင် မှတ်မိနေသည်။

သူသည် ကျွန်တော့်အစာအိမ်ကို ခြေဖြင့် ပြင်းထန်စွာ စုံကန်လိုက်သည်။ လေနှင့်အတူ လွင့်ထွက်သွားသည့်အလား လွင့်စင်သွားသည်။ မလှုပ်နိုင်အောင် နာကျင်လွန်းလှပါ၏။ အသက်ရှူရန် ခက်ခဲလွန်းလှသည်။ ပါးစပ်ဟစိဟစိဖြင့် ခက်ခက်ခဲခဲ အောက်ဆီဂျင် ရလိုရငြား ရှူနေရသည်။ ရင်ကိုဖွင့်ကာ၊ လေကိုရှူသွင်း

mgyoe.com

mgyoe.com
SAMPLE BOOK

သော်လည်း အသက်ရှုမဝ။ အသည်းအဆုတ်တို့သည်လည်း ဆွဲကိုင်လှုပ်ရမ်းလိုက်သည့်အလား။ လေးလံထိုင်းမှိုင်းလာသည်။ ကိုယ်ခန္ဓာသည် တုန်ရင်ကာလှုပ်ခတ်လာသည်။ တဆတ်ဆတ် တုန်ခါနေသည်။ ငါးကဲ့သို့ ဖြတ်ဖြတ်လူးနေသည်။ စိတ်ကမူ မလွတ်သေး။ ကိုယ့်ကိုယ်ကိုယ်အားတင်းထားသော်လည်း ကြာရှည် မထိန်းချုပ်နိုင်လောက်အောင် ပင်ပန်းနေလေပြီ။ နာကျင်လွန်းနေသည့် ခန္ဓာမှစိတ်သည် လွင့်မျောသွားသည်။ လွတ်ထွက်ကာ သတိမေ့မြောသွားတော့သည်။ သတိမေ့မြောသွားအောင် ထိုးကြိတ်ရိုက်နှက်ခဲ့ကြခြင်းပင်။ အားအင်ကုန်ခန်း၍ မှောက်လျက် လဲကျကာ တစ်ကိုယ်လုံးရှိ အရိုးများ တဂျွတ်ဂျွတ်မြည်ကာ ကျိုးကုန်လေပြီလား။ ဖွတ်ဖွတ်ကြေနေပြီလား။ ဝေဒနာကို ထမ်းထားရသည့် ကိုယ်ခန္ဓာသည် လေးလံလွန်းလှ၏။

တိရစ္ဆာန်တစ်ကောင်ကဲ့သို့ ညှင်းပန်းနှိပ်စက်ခဲ့ကြသည်။ သူတို့၏ ရယ်မော သဘောကျသံကို ကြားနေရသည်။ အောက်ဆီဂျင် မရှိတော့ပြီဖြစ်သည့် ကျွန်တော့်မျက်နှာသည် ပြာနှမ်းနေလေပြီ။ ခေါင်းကလည်း မူးနောက်နေပြီ။ နားများသည်လည်း အူနေပြီ။ မိန်းမောနေသည်။ မျက်လုံးအိမ်ထဲတွင် မျက်ရည်တို့သည် ပြည့်လျှံနေသည်။ မျက်ရည်တို့ ပြည့်လျှံတက်လာသဖြင့် ဘာဆိုဘာမှ သဲသဲကွဲကွဲ မမြင်ရတော့။ ရေလေး တစ်ပေါက်၊ အစားလေးတစ်ခု ဘာဆိုဘာမှ မသိတော့။ လိပ်ပြာလွင့်မတတ် ဖြစ်နေလေပြီ။ သို့သော် သူတို့သည် ကျွန်တော်၏ ဒုက္ခဝေဒနာကို နားလည်နိုင်စွမ်း မရှိကြသူများပီပီ၊ ဘူးသီးလုံးလောက်ကျလာသည့် ကျွန်တော့်မျက်ရည်များသည် သူတို့၏ ဒေါသဆွပေးရာ ဖြစ်ခဲ့သည်။ သူတို့မျက်စိထဲတွင် ကျွန်တော်သည် လူသားမှ ဟုတ်ပါလေစ။ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မအောက်မေ့ကြ။ အညှိုးအတေးကြီး၍ အသေရိုက်သတ်ကြတော့မည်။ ကျွန်တော်၏ကြောက်လန့် တုန်လှုပ်နေခြင်းသည်ကား သူတို့အတွက် အရေးမကြီး။ အရေးမပါခဲ့။ လူသားတိုင်း စိတ်ချမ်းသာ ကိုယ်ချမ်းသာချင်ကြ၏။ ကမ္ဘာလောကကြီး၌ မိမိစိတ်ချမ်းသာမှုအတွက်၊ အခြားသူအား ဒုက္ခပေး ညှင်းဆဲသည့် လူများစွာ ရှိကြသည်။ လူသားတို့အကြား အန္တရာယ်ထူပြောလာကာ အဆိပ်သင့်နေလေပြီ။ ဝဋ်မှာ အမြဲ ငရဲမှာ အပ ဆိုပါလျှင် အရှယ်ငယ်စဉ်ကပင် ကျွန်တော်၏ ဝဋ်နာ ကံနာကြီးလွန်းလှသည်လော။

ကျွန်တော့်ထံသို့ ချဉ်းကပ်လာနေကြသည့် သူတို့အနံ့ကို ရနေသည်။ သူတို့၏ မကောင်းသည့် စိတ်ယုတ်မာတို့သည်လည်း ပွက်ပွက်ဆူနေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ဆံပင်များသည် ခါတိုင်းထက်ပို၍ နီကြင့်ကြင့် ဖြစ်နေသည်ဟု ထင်ရသလို၊ သူတို့နီးကပ်လာလေလေ၊ တိရစ္ဆာန်အနံ့ကဲ့သို့ ခပ်ပြင်းပြင်း စူးရှရှ ဖြစ်လေလေ။ သူတို့ကိုယ်မှ အနံ့သည် ပုတ်ပွနေသည့်အလား ချဉ်စူးနေသည်။ သွားမတိုက်ကြသည့် သူတို့၏ပါးစပ်မှ အာပုတ်စော်နံ့ နံစော်နေသည်။ ခံတွင်းသည် သုသာန်နှင့်တူနေသည်။ ရွာထဲရှိ မိခင်တို့သည် သူတို့သားသမီးများ၏ သွားနှင့် ခံတွင်း သန့်ရှင်းရေးကို အလေးထားရကောင်းမှန်း မသိကြ။ ခံတွင်း၌ လျှာနှင့် သွားသည် အညစ်အကြေးတို့ စုရာနေရာဖြစ်သည်ကို မတွေးမိကြ။ သွားဆရာဝန်တို့သည် ဈေးကြီးလှသည်။ မိဘတို့သည် သားသမီးများအတွက် သွားဆရာဝန်ထံသို့ သွားရောက်ပြသနိုင်သည့် အခြေအနေ မရှိကြ။ တစ်လမ်းလုံး၊ တစ်ရွာလုံးရှိ မိခင်တို့သည် မွေးထုတ်ထားသည့် သားသမီးများ၏သွားနှင့်ခံတွင်း ကျန်းမာရေးကို အလေးထားရကောင်းမှန်း အသိပညာလည်း မရှိကြ။ "သွားတစ်ချောင်းထက် အရေးပေးရမယ့်အရာတွေ ဘဝမှာ အများကြီး၊ မေ့မနေကြနှင့်ဦးဟေ့" ဟု ဆင်ခြင်ပေးကာ ငေါက်ငမ်းတတ်ကြသည်။ မိဘများက သားသမီးအပေါ် အရေးတယူ မရှိကြသလို၊ လူတန်းစေ့ နေနိုင်စားနိုင်သောက်နိုင်ကြသည့် မိသားစုများလည်း မဟုတ်ကြသဖြင့် ကျွန်တော်၏ နာကျင်ခံစားရခြင်းများအား မည်သို့မျှ နားလည်ပေးနိုင်လိမ့်မည်မဟုတ်။ ဒုက္ခဟူသည် အဖော်အပေါင်းနှင့် လာတတ်သည့်သဘော။ ဒုက္ခမျိုးစုံတို့ကို တစ်ယောက်တည်း ခါးသီးစွာ ခံစားခဲ့ရသည်။ ရက်ပေါင်း အတော်ကြာသည်အထိ အိပ်မပျော်သောညများ၌ ဝေဒနာက နာလိုက်တာ မခံမရပ်နိုင်အောင်။ အကြောက်တရားနှင့်အတူ ကျွန်တော့်စိတ်ထဲတွင် ဖျောက်ဖျက်၍ မရနိုင်သည့် ဒုက္ခဝေဒနာသည် စွဲကျန်နေခဲ့သည်။ စိတ်ကျန်းမာရေးနှင့် ပတ်သက်၍ မလုံခြုံခဲ့၊ စိတ်ဖိစီးမှုများခဲ့ရသည်။ ခွဲခြားဆက်ဆံ ခံရခြင်း၊ လူမှုရေး စည်းခြားဆက်ဆံ ခံရခြင်း များစွာဖြင့် အနုတ်လက္ခဏာသာ ဆောင်နေခဲ့သည်။ ကြုံတွေ့ရသည့်နေ့စဉ်ဘဝ၏ စိတ်ဖိစီးမှုတွေကို ရင်ဆိုင်ဖို့ မိသားစုနှင့် သူငယ်ချင်းများ၏ ကူညီထောက်ပံ့မှုတို့သည် ဝေလာဝေး။ အထင်ကြီး လေးစားခံရသည့် လူတန်းစား မဟုတ်။ လူရာမဝင်သည့်သူများအဖြစ်၊ လူ့အဖွဲ့အစည်း၏ စည်းပြင်သို့သာ တွန်းပို့ခြင်းခံရသည်။ ထိုနှစ်များပြီးသည့်နောက်၊ ပဲရစ်သို့ ရောက်ရှိသွားချိန်၊ ကျွန်တော့်အတန်းသားများက "မင်းမိဘတွေက မင်းကို သွားနှင့် ခံတွင်း အထူးကုဆရာဝန်နှင့် ဘာလို့ မပြပေးကြတာလဲ" ဟူသော အမေးစကားကို ကြားယောင်မိသည်။ ကျွန်တော် လိမ်ပြောခဲ့လိမ့်မည်။ မိဘတွေက ပညာရေးကို အရေးပေးပြီး စိုးရိမ်နေတဲ့အတွက် ကျန်းမာရေး

mgyoe.com

mgyoe.com SAMPLE BOOK


ကို သတိမပြုမိတာ ဟူ၍။ သေချာစွာ စဉ်းစားလျှင် ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်ရေး ၌ များစွာပေါ့လျော့ကြောင်းမှာ မငြင်းနိုင်ပေ။

စကြိုန်လမ်းထဲ၌ နီကြင့်ကြင့်ဆံပင်နှင့် ကလန်ကလား ကောင်လေးနှင့် ဆံပင်ကောက်ကောက် ပုပုကွကွ ကောင်လေးတို့သည် ပျော်ရွှင်စွာ လူရိုင်းများ အော်ဟစ်သလို အော်ဟစ်၍ မြူးတူးနေကြသည်။ သူတို့အဖို့ တသောသောရယ်စရာ။ ကျီစားစရာ။ သူတို့က ပျော်လွန်းလို့ အော်ကြဟစ်ကြနှင့်ပေါ့။ ကျွန်တော့်မှာမူကား အသံပင်မထွက်ရဲ။ သူတို့သည် ကျွန်တော့်ကို ကြည့်မရဖြစ်ကြ၏။ ကျွန်တော့်ရုပ်ရည် ဟန်ပန်ကို ကြည့်ကာ ပိန်တာရိုး၊ အပုန်း၊ သူငယ်၊ ဂေး၊ အခြောက်မ၊ မိန်းမလျှာ၊ ဂန်ဒူး၊ ငကြောက် စသည်ဖြင့် အသုံးအနှုန်း အခေါ်အဝေါ် တိုင်းသည် နှိမ့်ချလိုစိတ် ပြောင်လှောင်လိုစိတ်၊ လူတစ်ယောက်လို သဘောမထားသည့်စိတ်၊ အထင်သေး စော်ကားလိုသည့်စိတ်တို့ဖြင့် အော်ဟစ်နေကြသည်။ ခွဲခြားဖိနှိပ်လိုသည့်စိတ်များ နှင့် တစ်ဦးနှင့် တစ်ဦး လှေကား၌ တွေ့လျှင်သော်လည်းကောင်း၊ ကစားကွင်းတွင် ဖြစ်စေ၊ တခြားနေရာတွင်ဖြစ်စေ၊ တွေ့ရင်တွေ့သလို လှောင်ပြောင်ခဲ့ကြသည်။ ပေါချာချာ ကြောင်တောင်တောင် လူတစ်ယောက်အဖြစ်မြင်ကြသည်။ ပိန်ပိန်ရှည် ရှည်၊ အရိုးနှင့် အရေသာရှိသည့် ကျွန်တော်သည် လူမှုအသိုင်းအဝိုင်းကြားဝယ် ဝင်ကစွပ်ကောင်လို အငှားခန္ဓာ အမြောင်ရသည့်ဘဝမျိုးနှင့် ရှင်သန်ခဲ့ရသည်။ နှိပ်စက်ညှဉ်းပန်းခြင်းများကြား၌ မေတ္တာတရားနှင့် ဝေးခဲ့ရသည်။ အရွယ်မတိုင်မီကပင် လှောင်ပြောင်ခြင်း ခံရသည်။ စိတ်ဒဏ်ရာတို့အား သိရှိပြီး ကိုယ်ချင်းစာစိတ် ရှိသူ ဟူ၍ မတွေ့ခဲ့။ သူတို့သည် လူအများရှေ့တွင် ကျွန်တော့်ကို ရိုက်နှက်ထိပါး စော်ကားခြင်းမပြုနိုင်ကြသဖြင့် နှုတ်ဖြင့် ရစရာမရှိအောင် ပုတ်ခတ်ကြပြန်သည်။ ကျွန်တော်သည် ဟိုနေရာသည်နေရာမှ လှောင်ပြောင်ရယ်မောသံများ ကြားရင်း၊ ကျိုးကန်းတောင်းမှောက်ဘဝ ဖြစ်ခဲ့ရသည်။ အခြောက်၊ ဂေး၊ မိန်းမလျှာ ဟု ခေါ်ကာ စိတ်ဓာတ်ရေးရာ နာကျင်အောင်လုပ်ခဲ့ကြသည်။ လူတိုင်းသည် သူတို့ပြောသည့် စကားများကို တခြားသူများ ကြားကြမည်မှာ သေချာသည်။ ကြားကြသည့် သူများ ၏မျက်နှာ၌ သရော်ထော်ထော် ကျေနပ်ပြုံးများဖြင့် ပြုံးစိစိ။ ယခုလို လှောင်ပြောင် ၍ ပြောကြသည်ကိုလည်း လက်ခံသည့်ပုံသဏ္ဍာန်များကို တွေ့ရသည်။ ကစားကွင်း ရှိ အခြားသော ကလေးများသည်လည်း အခြောက်ဆိုသည်နှင့် ထိတ်လန့်စရာ ကြောက်စရာဟု မြင်တတ်ကြသည်။ ဝေးဝေး ပြေးကြ၏။ သူတို့တစ်တွေက ဤမျှ မနှစ်မြို့အောင် ဖြစ်ရသည်မှာ အဘယ်ကြောင့်နည်း။ ထိုသို့သောအဖြစ်များကြောင့်

mgyoe.com

mgyoe.com

တခြားသူတစ်ယောက်က နောက်ပြောင် ကျီစယ်လိုက်သည့်အခါ ကလေးများ၏ မျက်နှာပေါ်ဝယ် သဘောတကျကျေနပ်သည့် အပြုံးတို့ကို တွေ့ရသည်။ ဤသို့ဖြင့် ကလေးများသည် ကလန်ကလား ကောင်လေးနှင့် ခါးကုန်းကောင်လေးတို့၏ နေ့စဉ်နှင့်အမျှ ခေါ်ဝေါ်နောက်ပြောင် ပြောကြသည်ကို ကြားရသည့်အတွက် ကျေနပ်နေကြသည်။ လှောင်ပြောင်ခြင်းကို အားပေးအားမြောက်ကြသည်။ တီးတိုး တီးတိုး သဖန်းပိုးဖြင့် လက်တို့ကာ "ကြည့်လိုက်၊ အဲဒီ ဘယ်လ်ကဲလ်က အခြောက်မ" ဆိုသည့် စကားများကို ကျွန်တော် လမ်းလျှောက်သွားတိုင်း နေရာတိုင်းမှ ကြားနေရသည်။ မိန်းမလျာကို မြင်လိုက် ကြည့်လိုက်ခြင်းသည် မျောက်တစ်ကောင်ကို တွေ့မြင်သလိုပဲ။ ကလေး၊ လူကြီးများက ဝိုင်းစကြ၊ နောက်ကြနှင့်။ မယဉ်ကျေးသော အခါသမယ၌ မယဉ်ကျေးသော နည်းလမ်းများကို အပြစ်ဆိုရမှန်း မသိကြပေ။ ကျွန်တော်သည် မခံနိုင်အောင် နာကြည်းလျက်၊ အရှက်တကွဲ ဖြစ်ခဲ့ရသည်။ တန်ဖိုးမဲ့သည့် လူတစ်ယောက်အဖြစ်။ နံနက်မိုးသောက် အလင်းရောက်၍ မျက်စိ နှစ်လုံး ဖွင့်လိုက်ကတည်းက စိတ်သောက တပွေ့တပိုက်နှင့် ကိုယ့်သန္တာန် ကိုယ့်ခန္ဓာမှာ ပျက်စီးဆုံးရှုံးခြင်း။ အင်္ဂါခြေလက် ထိခိုက်ခြင်းတို့နှင့် တစ်နေ့တာ ငရဲခန်းကို ဖြတ်သန်းခဲ့ရသည်။ ကျွန်တော့်ဘဝကို ထိန်းကျောင်းနိုင်ရန် အဆိုးထဲမှ အကောင်းသည် မည်သို့မျှ ရှာ၍ မရခဲ့။ သတ္တဝါတို့မည်သည် ကောင်းကျိုးကိုသာ လိုလား၍ မည်သူ့ဆီကမှ ဆိုးကျိုး မရောက်ချင်ကြ။ မည်သို့ပင် ဖြစ်စေကာမူ အရွယ်မတိုင်မီ မည်မျှ စိတ်ဆင်းရဲခဲ့ရသည်ကို ပြောပြရန် စကားလုံးပင် ရှာ၍ မရနိုင်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## အဖေ

အဖေသည် ၁၉၆၇ ခုနှစ်၊ လူ့လောကထဲသို့ စတင်ရောက်ရှိလာခဲ့သည်။ ထိုခေတ်အခါက ကိုယ်ဝန်သည် အမျိုးသမီးတို့သည် ရွာမှ ဆေးရုံသို့သွား၍ မီးဖွားရကောင်းမှန်း မသိခဲ့ကြ။ ရှေးအယူအဆများ ကျန်နေသေးသည့်ကာလ၊ ဆေးရုံမှာ မီးဖွားခြင်း မရှိသလောက်။ သူတို့နည်း သူတို့ဟန်ဖြင့် အိမ်တွင်မီးနေသည်အဖြစ် သားသမီးဖွားမြင်ခြင်းအမှုကို ပြုလုပ်ကြသည်။ လက်သည်နှင့် မျက်နှာမြင်ကြသည်။ အဘွားသည် အိမ်၏ ညစ်ထေးညှိမှောင်မည်းသော ချောင်ကြားထောင့်တွင် ဘယ်တုန်းကမှ သန့်ရှင်းရေးမလုပ်သည့် ခွေး၊ ကြောင်များ၏ အမွေး၊ ဖိနပ်စုတ် ဖိနပ်ပြတ်များဖြင့် ညစ်ပတ်ပေရေနေသည့် ဆိုဖာတစ်လုံးပေါ်၌ လဲလျောင်း၍ ဘယ်ညာလူးလှိမ့်ကာ အာဝေဏိက ဒုက္ခကိုပြင်းပြစွာခံစားရင်း သွားများကို ကြိတ်ကာ ညည်းတွားရင်း အဖေ့ကို မွေးဖွားခဲ့သည်။ ဤနည်းဖြင့် အဖေသည် အခက်ပွေလှသည့် လူ့လောကထဲသို့ မျက်နှာငယ်စွာ ရောက်လာခဲ့သည်။ ကြမ်းတမ်း ဖွက်ထူလှသည့် ရွာလမ်းရိုးတလျောက်တွင် တစ်ရွာလုံးရှိ အားတိုင်းမွေးနေကြသည့် ကလေးများသည် ပြေးလွှားဆော့ကစားကာ ကျွတ်ကျွတ်ညံနေကြသည်။ လယ်ကွင်းများ၏ တစ်ဖက်တစ်ချက်တွင် စွတ်ဖားလမ်းကြောင်းသဖွယ်၊ မိုးတဖြောက်ဖြောက် ရွာပြီးတိုင်း၊ သဲဗွက်ရာများက ဟိုတစ်ကွက်၊ သည်တစ်ကွက်။

ကျွန်တော် ငယ်စဉ်ကလေးဘဝ၊ စာသင်ကျောင်းသို့ မသွားရသေးခင်

mgyoe.com

mgyoe.com SAMPLE BOOK

ကာလ၊ ထိုရွာလမ်းရိုးပေါ်တွင် တစ်ပတ်လုံးလုံး စက်ဘီးစီးနေခဲ့သည်ကို အမှတ်ရမိသည်။ စက်ဘီးနင်းလိုက်သည့် အခါတိုင်း စက်ဘီး၏ စမုတ်တိုင်မှ တကျီကျီ မြည်နေသံကို သဘောကျလှသည်။

အဖေ့ဘဝသည် ကြမ်းတမ်းခက်ထန်သည်။ သူသည် အရက်ကို နှစ်သက်ခုံမင်သည်။ စွဲစွဲမြဲမြဲဖြင့် အလွန်အကျူးသောက်သည်။ ရွာထဲရှိ ယောက်ျားသားတို့သည်လည်း အဖေ့နည်းတူ အရက်သောက်ကြမ်းကြသူများ၊ ငမူးငထိုင်းနှင့် လူအန္ဓများ ဖြစ်ကြသည်။ မှုန်မွဲနီစပ်နေသည့် မျက်လုံးများဖြင့် ကြောက်စရာကောင်းအောင် ကြည့်တတ်ကြပြီး၊ ငါးလီတာ သေတ္တာစည်ကြီးများမှ ဝိုင်များ၊ ပတ်စတီတော အရက်ပြင်းများကို အသောက်ကျူးကြသည်။ တစ်နေကုန် အလေနတော ရွာရိုးကိုးပေါက်သွားကာ ခပ်ထွေထွေနေကြသည်။ မိုးလင်းကတည်းက အယ်ကိုဟော တစ်ကျိုက်နှစ်ကျိုက် မော့လိုက်ရမှ နေသာထိုင်သာရှိကြသူများ ဖြစ်ကြ၏။ ရွာထဲတွင် အရက်ချက်ပြီး ရောင်းသည့် ဘုံဆိုင်တစ်ဆိုင် ရှိသည်။ ထိုဆိုင်မှ ကော်ဖီကို ရနိုင်သလို ပေါင်မုန့်နှင့် စီးကရက်များကိုလည်း ဝယ်ယူနိုင်ပြန်သည်။ မည်သည့် အချိန်အခါမဆို ဆိုင်ရှင်၏တံခါးကိုခေါက်၍ မိုးလင်းမိုးချုပ် လိုချင်သည့် အရာမှန်သမျှ ဝယ်ယူနိုင်၏။

အဘိုးသည်လည်း အရက်သမား ဖြစ်သည်။ အဖေသည် အရက်သမားဖခင်၏အကျင့်အတိုင်း အရက်သမားဘဝကို မက်မော ခုံမင်ခဲ့သည် မဟုတ်ပါလော။ အဘိုးသည် မနက်မိုးလင်းသည်နှင့် အရက်ပုလင်း ခါးကြားထိုးလာသူ၊ အရက်နှင့် မျက်နှာသစ်သူ။ အယ်ကိုဟော တစ်စက် ဝင်သွားလေတိုင်း၊ မိန်းမဖြစ်သူကို အကြမ်းဖက် အနိုင်ယူစော်ကား ရိုက်နှက်တတ်သည်။ ပါးရိုက်၊ ဆံပင်ဆောင့်ဆွဲ၊ ကန်ကြောက် တွန်းလှဲခြင်း၊ နားရင်း ပါးရင်း ပိတ်ရိုက်ခြင်း စသော နည်းပေါင်းစုံဖြင့် ဝက်ဝက်ကွဲအောင် ရိုက်နှက်သည်။ လင်က မယားကို ကိုယ်ထိလက်ရောက် ရိုက်နှက်ပိုင်ခွင့်ရှိသည်ဟု ခံယူထားလေသည်။ အကြမ်းဖက်တတ်သူ ဖြစ်သည့်အလျောက် သူ့လိုအပ်ချက်မှန်သမျှ မယားမှ ဖြည့်ဆည်းပေးရမည်ဟု တထစ်ချ ယုံကြည်သူ ဖြစ်၏။ မနက် မိုးလင်း စပြီး ညနေ မိုးချုပ်သည်အထိ အဆက်မပြတ် ရိုက်သည်။ ချွေးပြိုက်ပြိုက် ကျသည်အထိ ရိုက်လိုက်၊ နားလိုက်၊ အရက်သောက် လိုက်၊ ရိုင်းစိုင်း ကြမ်းတမ်းသော စကားများဖြင့် ပြစ်တင် ဆဲရေးလိုက်၊ ကြိမ်းမောင်းလိုက်နှင့် အိပ်ရာထဲ အိပ်ကြသည်အထိ၊ ဆိုးဆိုးဝါးဝါး နှိပ်စက်၏။ ထိုမျှသာမက အဘိုးသည် သူထိုင်နေသည့် ထိုင်ခုံနှင့်ပါ မချန်၊ နီးစပ်ရာ အရာဝတ္ထုနှင့် ကောက်ပေါက်၍

mgyoe.com

mgyyoe.com

SAMPLE BOOK



အရိုးကွဲအောင် ရိုက်သည်။ ညအိပ်လျှင်ပင် အိပ်နေရင်း တရေးနိုး ထရိုက် တတ်ပြန်သည်။ မယားကို သူပိုင်ပစ္စည်းအဖြစ် လုပ်ပိုင်ခွင့်ရှိသည်ဟု ယူဆထား၏။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာ ဒုက္ခရောက်သည်အထိ ဆိုးရွားစွာ ကျူးလွန်၏။ အကြမ်းဖက်နည်းပေါင်း စုံလင်လှသဖြင့် အဘွားတစ်ကိုယ်လုံးသည် အညိုအမည်းစွဲနေသည်။ အဘိုးသည် အဘွားအား နေ့စဉ်နှင့်အမျှ နှိပ်စက်၍ အော်ငေါက် မာန်မဲခြိမ်းခြောက်၊ ဆဲရေးတိုင်းထွာ၍ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းသာမက စိတ်ပိုင်းဆိုင်ရာ ချိုးနှိမ်အောင် ပြောဆိုလေ့ ရှိသည်။ ငါ့မိန်းမ ငါရိုက်တာ ဘာဖြစ်လဲ၊ ဘယ်ကောင်မှ ဝင်ပါစရာမလိုဘူးဟု ကြိမ်းမောင်းကာ ပတ်ဝန်းကျင်ကို မထီမဲ့မြင် လုပ်၏။ အဖေ ငယ်ငယ်က ကိုယ်ကာယမှာ ကျွန်တော်ကဲ့သို့ သေးသေးလှိုလှို။ ထို့ကြောင့် အဘိုး၏ရိုင်းစိုင်းကြမ်းတမ်းသည့် စကားနှင့် ခပ်ထန်ထန် အမူအရာတို့ကို မှောင်ရိပ်ထဲတွင် ကြည့်ကာ တဆတ်ဆတ်တုန်ခါ၍ ကြောက်ရွံ့နေခဲ့ရသည်။ အဖေသည် မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူတို့၏ အိမ်ထောင်ရေးပြဿနာ အဆင်မပြေမှု၊ ဖခင်၏ မိခင်အပေါ် ရိုက်နှက်ခြင်းများနှင့် ကြောက်မက်ဖွယ် ရန်ပြုမှုများကြား လူလားမြောက်ခဲ့ရသည်။ အဖေ့ငယ်ဘဝသည် စိတ်ချမ်းမြေ့စရာတစ်ကွက်မှ မရှိခဲ့။ အိမ်တွင်းအကြမ်းဖက်မှုကြောင့် လုံခြုံမှုမရှိဘဲ၊ ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရသည်။ မိဘတို့၏ အနိဋ္ဌာရုံမြင်ကွင်းကို နေ့စဉ် ကြုံလာရသဖြင့် လူမဆန်စွာ ညှင်းပန်းနှိပ်စက်တတ်သည့် ဖခင်အပေါ် စိတ်အနာကြီးနာ၍ အမုန်းကြီးမုန်း၏။ အရိုးထဲက ဖြစ်ဖြစ်မြည်သည်အထိ အခဲမကြေနိုင်အောင် မုန်းတီးသည်။ ဖခင်မေတ္တာဘွဲ့တွေ ကြားတိုင်းကျွန်တော့်အဖေ မဲ့ပြုံးပြုံးနေပေလိမ့်မည်။

ထိုအကြောင်းများကို အဖေက ပြောပြခဲ့ခြင်း မဟုတ်။ အဖေသည် သူ့ငယ်စဉ်က အဖြစ်ကို တစ်ခွန်းမျှပင် မပြောခဲ့။ ညအိပ်ရာဝင် ဒဏ္ဍာရီပုံပြင်များကိုလည်း ပြောပြတတ်သူ မဟုတ်။ အမေသည်သာ ရှေးဟောင်းနှောင်းဖြစ်များကို ပုံပြင်တစ်ပုဒ်လို စီကာပတ်ကုံး ပြောပြတတ်သူ ဖြစ်သည်။

မနက်ခင်း တစ်ခု။ အဖေ ငါးနှစ်သားအရွယ်၌ အဘိုးသည် အဖေတို့ကို ထား၍ ထွက်သွားတော့သည်။ မည်သည့်စကားမှ မဆိုမပြောဘဲ ပစ်ထားခဲ့သည်။ (ထိုအဖြစ်အပျက်တို့ကို အဘွားနှင့် မိသားစုအကြောင်း အတွင်းသိ အဆင်းသိ အမျိုးသမီးကြီးတစ်ယောက်က ပြန်ပြောပြခဲ့ခြင်း ဖြစ်သည်။) အဘိုးက ထိုသို့ ထွက်သွားပြီးနောက် အဘွားသည် နှစ်ပေါင်းများစွာ မေ့နေခဲ့သည့် အရယ်အပြုံးဖြင့် ဟားတိုက်၍ အားရပါးရ ရယ်မောနေခဲ့သည်။ မယားနှင့်နွား မသနားနှင့်ဟူသော

mgyyoe.com

mgyoe.com SAMPLE BOOK

အဆိုကို လက်ကိုင်ထားသည့် လင်ယောက်ျား၏ စွန့်ခွာသွားခြင်းသည် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။ စိတ်ကောင်းမရှိသည့် လင်ယောက်ျား၏ စွန့်ပစ်ခြင်းမှာ အဘွားသည် ပျော်မြူးခဲ့ရသည်။ အညာအတာ ကင်းမဲ့သည့် မိစ္ဆာယောက်ျား၏ လက်မှလွတ်သည့်အတွက် ဝဋ်ကျွတ်သွားသည့်အလား မြူးတူးနေခဲ့သည်။ သူ့ဒုက္ခတို့ ပင်လယ်ဝေသည့် အခါဆိုးကြီးမှ လွတ်မြောက်လေပြီ။ အဝီစိ ငရဲတွင်းမှ ထွက်လာခွင့်ရလေပြီ။ ရက်ရက်စက်စက် အရိုးကွဲအောင် ရိုက်သည့် လင်ယောက်ျားကို မည်သူတစ်ဦးမှ အသည်းစွဲ၍ ချစ်မည်မဟုတ်။ အသားနာအောင် အရိုက်ခံရသဖြင့် နာကြည်းမုန်းတီးနေခဲ့လေသည်။ လူယုတ်လူမိုက် အဘိုးသည် စက်ရုံမှ အလုပ်ကို ပစ်ထားခဲ့သလို စားစရာ သောက်စရာတစ်ခုတစ်လေတောင် ချန်မထားခဲ့။ အဘိုးသည် စက်ရုံလုပ်သားတစ်ယောက် ဖြစ်သည်။ သူသည် စက်ရုံမှ လုပ်ခငွေများကို အကုန်ထုတ်ယူပြီးနောက် သားသမီးခြောက်ယောက်၊ ခုနစ်ယောက်အတွက် တစ်ပြားတစ်ကျပ်မှ မပေးဘဲ ရုတ်တရက်အိမ်မှ ထွက်သွားခြင်း ဖြစ်သည်။ မွေးထားသည့် သားသမီးများအတွက် စားစရာ ပေါင်မုန့် အစအန ကလေးများတောင် မချန်ရစ်ဘဲ အုတ်ကြားမြက်ပေါက်၊ ဖုန်းတောင်းယာစကာများလို ပေယျာလကန် စွန့်ပစ်ထားခဲ့သည်။ သားသမီးများသည် အငတ်ငတ် အပြတ်ပြတ်ဖြင့် ဆင်းဆင်းရဲရဲ နေခဲ့ကြရသည်။ သူတို့၏ ဦးခေါင်းသည် ပြားချပ်၍ ဝမ်းဗိုက်တို့သည်လည်း ဟောင်းလောင်း။ ပိုက်ဆံ မူးလို့ ရှူစရာ မရှိ။ ဖခင်ဖြစ်သူ ဘယ်သွား၍ ဘယ်ဆီရောက်နေမှန်း မည်သူမှ မသိကြ။ စိတ်ညစ်ညူးဖွယ် ကောင်းလှသည့် အဖေ့ငယ်ဘဝ။

အဖေသည် ငယ်ဘဝ၏ ဒုက္ခများကို ဘယ်တုန်းကမှ မမေ့။ တစ်ခါတလေ စိတ်နာနာဖြင့် အရက်မူးရင်း ပြောတတ်သည်မှာ "အဖေလို့တောင် မခေါ်ထိုက်တဲ့ ဒီသေနာကောင်ကြီးက ငါတို့ကို လမ်းပေါ်မှာ ခွေးလို ပစ်ထားခဲ့တာ။ အမေ့အတွက် ဘာမှ မချန်ထားဘူး။ ငါ့မှာ အခွင့်အရေးသာရှိလို့ကတော့ ဒင်းမျက်ခွက်ကို သေးနဲ့ ပန်းပစ်မယ်"

မိန်းမနှင့် သားသမီးများအပေါ် စော်ကားချင်တိုင်း စော်ကားခဲ့သည့် အဘိုးသည် နောင် သုံးဆယ့်ငါးနှစ် ကြာပြီးသည့်နောက် ကွယ်လွန်ခဲ့သည်။ သူ ကွယ်လွန် သွားသည့်နေ့၌ ကျွန်တော်တို့ အားလုံးသည် အိမ်၏ဧည့်ခန်း၌ တီဗွီ ကြည့်နေခဲ့ကြသည်။ အဖေ့ဆီသို့ လူအိုရုံက အဘိုးကြီးတစ်ယောက် ဖုန်းဆက်လာသည်။ ထိုသူက "မင်းတို့အဖေ၊ ပြောရမှာတော့ စိတ်မကောင်းပါဘူး၊ သူ ဒီနေ့ မနက် ကလေးတင် ဆုံးပါးသွားခဲ့ပါပြီ။ ကင်ဆာဝေဒနာသည် မင်းတို့အဖေက

 mgyoe.com SAMPLE BOOK 

ရုတ်တရက် အက်စီးဒင့်ဖြစ်ပြီး ကွယ်လွန်သွားခဲ့တာပါ။ ဒဏ်ရာတွေ ဗလပွနှင့်မို့ ငါတို့ အားလုံးက ကြိုးစားပေမယ့် သူ့အသက်ကို မကယ်လိုက်နိုင်ဘူး” သူက သစ်ပင်ပေါ်က သစ်ကိုင်းတစ်ချို့ကို တက်ပြီးခုတ်ခဲ့တယ်။ သူ ထိုင်နေတဲ့ သစ်ကိုင်းကိုပါ ခုတ်မိပြီး ပြုတ်ကျပြီးသေခဲ့တာ။ ဖုန်းထဲက လူကရှင်းပြနေစဉ် အဖေနှင့် အမေသည် အံ့သြလွန်း၍ ရယ်ဖို့ပင် အနိုင်နိုင်။ သစ်ပင်ပေါ်က သစ်ကိုင်းကို တက်ခုတ်တာ သူ ထိုင်နေတဲ့ သစ်ကိုင်းကိုပါ ခုတ်မိလို့ ပြုတ်ကျပြီး သေတာတဲ့။ “ကဲ ဘယ်လောက် ထုံထိုင်းသနည်း။ ရူးနှမ်းနှမ်း ဦးနှောက်၊ ဉာဏ်နည်းလှချည်လား၊ ဘာတစ်ခုမှ အဖြစ်မရှိတဲ့လူ” ထိုသတင်းကို ကြားပြီးပြီးချင်း၊ အဖေသည် သူ့ပေါင် ကို သူဘာသာ ဖြန်းခနဲမြည်အောင် ရိုက်၍ အပျော်ကြီးပျော်နေခဲ့သည်။ အဖေက ခပ်ရွှင်ရွှင်လေသံဖြင့် အမေ့ကို လှမ်းအော်ပြောလိုက်သည်။ “အဲဒီတော့ ဘာများရှိဦးမှာလဲ။ လူယုတ်မာကြီး၊ ဘယ်တုန်းကမှ ကောင်းကျိုး မပေးခဲ့ဘူး။ နောက်ဆုံးတော့ သူ့ အကုသိုလ်နှင့် သူ၊ သူ့ဇာတ် သူသိမ်းသွားပြီကော။ ငါတော့ ပျော်လွန်းလို့ စားပွဲသောက်ပွဲ လုပ်မယ်ဟေ့။ လမ်းထိပ်မှာ အရက်ပုလင်း သွားဝယ်လိုက်ဦးမယ် မိန်းမရေ” ရက်အနည်းငယ်ကြာသော် အဖေသည် ဝမ်းသာခြင်း အထိမ်းအမှတ်နှင့်အတူ သူ၏ အသက်လေးဆယ်ပြည့်နှစ် မွေးနေ့ပွဲကို ပျော်ပျော်ရွှင်ရွှင် ကျင်းပခဲ့ပြန်သည်။ ကျွန်တော့်တစ်သက်တွင် အားရကျေနပ် ပျော်ရွှင်နေသည့် အဖေ့ကို တစ်ခါမှ မမြင်ဖူးခဲ့။ သဘောတွေ့ နှစ်ခြိုက်နေသည့် အဖေ့မျက်နှာသည် သိသိသာသာကြီး ကြည်လင်ဝင်းပနေခဲ့သည်။ မျက်လုံးများသည် ရွှင်ပျနေသည်။ အဖြစ်အပျက် နှစ်ခုက တစ်ပြိုင်နက်တည်း လိုလို။ ဖခင်တစ်ယောက် သေဆုံးသည့်နေ့နှင့် သားတစ်ယောက်၏မွေးနေ့ ။ ပျော်ရွှင်ခြင်း အထိမ်းအမှတ်အဖြစ် အရက်ပုလင်းထောင်ကာ ပါတီပွဲ လုပ်ခဲ့သည်။ ကျွန်တော်တို့အိမ်၏ ပျော်ရွှင်ချမ်းမြေ့စရာ အဖြစ်အပျက်နှစ်ခုသည် အံ့သြစရာ ကောင်းလွန်းလှသည်။ ကျွန်တော်သည် ကလေးပီပီ၊ မိဘများနှင့်အတူ ရောယောင်၍ ပျော်ရွှင်ခဲ့သည်။ (ထိုနေ့က အမေကြိတ်၍ ငိုနေတာမြင်ရပြန်တော့ ဝမ်းနည်းလွန်းလို့ ဘုမသိ၊ ဘမသိ ငိုခဲ့သေးသည်) ပြန်တွေးကြည့်လျှင် ကြောက်ဖွယ်ကောင်းသလို၊ ပျော်စရာလည်း ကောင်းသည်။ အမှတ်ရစရာ အကောင်းဆုံးမှာ၊ အဖေသည် ကျွန်တော် သိပ်ကြိုက်သည့် ချိုအီမွှေးကြိုင်နေသည့် ဘီစကစ်မုန့်များနှင့် အချိုရည်ဘူးများ ဝယ်ကျွေးခဲ့သည်။ (မွေးဖခင်၏သေခြင်းတရားသတင်းကိုကြား၍ ကျေနပ်ကာ အရက်ပိုင်းဖြင့် ပုလင်းထောင်ကာ ပြုံးနေခဲ့သည့်သားတစ်ယောက်၏ စိတ်ခံစားချက်ကို မည်သူမျှ

mgyoe.com

mgyoe.com SAMPLE BOOK

နားလည်နိုင်မည် မဟုတ်။)

ရက်စက်သည့် ဖခင်ဖြစ်သူအား ဥပဒေအရ အရေးယူခြင်း၊ အပြစ်ပေးခြင်း မရှိခဲ့သဖြင့် အဖေနှင့် သူ၏ညီအစ်ကို မောင်နှမများအားလုံး၏ ဘဝသည် ဘေးကင်းလုံခြုံသော ခိုလှုံမှုရှိသည့်နေရာတစ်ခု မရှိခဲ့ကြ။ ဖခင်ဖြစ်သူ၏ငွေကြေးအထောက်အပံ့သည် လုံးလုံးမရှိခဲ့။ အရွယ်ရောက်လာကြသော သားသမီးတို့သည် သူတို့ဖခင်၏ အကြမ်းဖက်သော အပြုအမူများကြောင့် ဖခင်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးတတ်ကြသည် မဟုတ်ပါလော။ ကျွန်တော်သည် အဖေ့မိသားစု၏အတိတ်က ပျက်စီးရခြင်း အဖြစ်ကို ဂဃနဏ ကွဲကွဲပြားပြား မသိခဲ့။ အခြားတစ်ဖက်တွင် တခြားသူများသည်လည်း ကလေးများ ဆိုးသွမ်းရခြင်း၏ အဓိကအကြောင်းခြင်းရာကို အမှန်တကယ် မသိကြပေမယ့် အဖေကဲ့သို့သော၊ ကလေးသူငယ်တို့အပေါ် အော့နှလုံးနာကြသည်။ တစ်စုံတစ်ယောက်သည် သူတို့မျက်နှာကို တံတွေးဖြင့် ထွေးပစ်ချင်စိတ် ပေါက်နေလိမ့်မည်။ တခြားသူတို့၏ အမြင်၌ အဖေသည် ယဉ်ကျေးမှု မရှိသည့် လူပေလူတေ။ ထုံးတမ်းစဉ်လာ ဓလေ့စရိုက်များကို နားမလည်သူ ဟူ၍။

အဖေသည် ငယ်ငယ်ရွယ်ရွယ်နှင့် စာသင်ကျောင်းမှ ထွက်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အနီးအနားရွာများသို့ သွားရောက်လည်ပတ်ကာ ညနေခင်းအချိန်များတွင် သီချင်းဆို၊ ကခုန်ပျော်ပါးရသည်ကို နှစ်သက်သည်။ ထို့ပြင် နယ်စည်းမထားဘဲ၊ ခိုက်ရန် ဖြစ်တတ်သည်။ ကလေးစီး စက်ဘီးတစ်စီးဖြင့် နေ့ရော ညပါ၊ လိမ့်ပြေးနေတတ်သည်။ တစ်နေကုန် ငါးမျှား၊ ငါးရှာ၊ အချိန်ကုန်ခဲ့သည်။ ထို့နောက် ကလေးစီး စကူတာကို ဂိုထောင်ထဲရှိ စက်ပစ္စည်းများဖြင့် တပ်ဆင်၍ အသွင်ပြောင်းပြီးသည့်နောက်၊ အဖေ တီထွင်ထားသည့် မော်တော်ဆိုင်ကယ် အပေါ်စားလေးသည် အရှိန်မြန်သည်ထက်မြန် လာတော့သည်။ ကျောင်းစာသင်ခန်း၌ အဖေသည် ဆရာ့စကားနားမထောင်၊ အခြားကျောင်းသားများနှင့် မတည့်။ ဆိုးသွမ်းသောင်းကျန်း၏။ ကပေါက်တိကပေါက်ချာ အပြုအမူတို့သည်လည်း မည်သူတစ်ဦးကိုမျှ ကောင်းကျိုး မပေးသည့် စိတ်ဓာတ်အရ ညှင်းဆဲလိုသည့် စရိုက်ဆိုး ဖြစ်လာသည်။ ဂျစ်တီးဂျစ်ကန်ဖြင့် ကျောင်းပြေးသည်။ သွားချင်ရာသွား၊ နေချင်သလို နေခဲ့သည်။ လူကြီးသူမများ၏ ဆုံးမဩဝါဒကိုလည်း မနှစ်သက်။ မကြာခဏ တစ်ခွန်းမခံ ပြန်ခံ ပြော၏။ လူကြီးများကို ကလန်ကဆန် လုပ်နိုင်ခြင်းက ဆိုးသွမ်းသည့် လူငယ်များကြားဝယ် ဟီးရိုးဖြစ်လာသည်။ ဤသို့ဖြင့် အဖေ

mgyoe.com

mgyoe.com SAMPLE BOOK

သည် လူတွင်ကျယ်လုပ်ကာ ကျောင်းစာသင်ခန်းထက် ချုပ်ပုတ်ထဲသို့ တိုးဝင်ခဲ့သည်။ အင်မတန် မိုက်မဲခဲ့သည်။

မဟာဖိုဝါဒကို အခြေခံသည့် အဖေသည် သူငယ်စဉ်ကဖြစ်ပွားခဲ့သည့် ရန်ပွဲများအကြောင်းကို စိတ်ပါလက်ပါ ခပ်ကြွားကြွား ပြန်ပြောင်းပြောလေ့ ရှိသည်။ "ငါ့အသက် ၁၅၊ ၁၆ လောက်က ကျောင်းခန်းထဲသွားပြီး ရန်စ၊ ကပွဲတွေသွားပြီး ရန်စကြနှင့်။ ဘယ်လောက် ပျော်စရာကောင်းလဲ။ ငါနှင့် ငါ့လူတွေ ရန်ဖြစ်ဖို့ပဲ စိတ်သန်နေကြတာ၊ ရန်ဖြစ်ရင်း အချိန်ကုန်သွားတာ၊ ဒီကောင်တွေက ငါတို့ကို လာပြီး မယှဉ်ရဲကြ၊ မထိရဲကြဘူး၊ ရယ်စရာပဲ၊ အဲဒါနှင့် ငါတို့အုပ်စုက နောက်ကြောင်း ပြန်လာကြတာ။ စက်ရုံမှာသာ မလုပ်ခဲ့ရင် ငါက အခုဆို တခြားသူတစ်ယောက် ဖြစ်နေပြီ။ ဒီနေ့လို ဘဝမျိုး ဘယ်ဖြစ်လိမ့်မလဲ"

အဖေသည် မူလတန်းကျောင်းက ထုတ်ပေးလိုက်သည့် အသက်မွေးဝမ်းကျောင်းလက်မှတ်ဖြင့် ဆင်ခြေဖုံးရပ်ကွက်ရှိ စက်ရုံတွင် စတင် အလုပ်လုပ်သည်။ ကြေးသတ္တုနှင့် သက်ဆိုင်သည့်ပစ္စည်းများ ထုတ်လုပ်သည့် ထိုစက်ရုံတွင် လုပ်သားအဖြစ် ကျွန်တော့်အဖေ၊ ကျွန်တော့်အဘိုး၊ ကျွန်တော်၏အဘေးတို့ လုပ်ခဲ့ကြသည်။

ပျံကျလုပ်သားများနှင့် စက်ရုံလုပ်သားများ အများစုနေထိုင်ရာ ရပ်ကွက်ထဲရှိ လူငယ်များသည် ယောက်ျားကြီးများကဲ့သို့ ကြမ်းတမ်းချင်ကြသည်။ သောက်သောက်စားစား လူ့ငနွားများကဲ့သို့။ မိန်းကလေးတို့သည် နှုတ်ကြမ်းကြမ်း၊ ယောက်ျားလေးများသည် တုတ်ဓားတရမ်းရမ်း။ သူတို့သည် သက်သောင့်သက်သာ ကျောင်းသွားရမည်ကို မကြိုက်ခဲ့ကြသလို၊ ကျောင်းစည်းကမ်းများကို မလိုက်နာနိုင်ကြ။ ကျောင်းကို ပျင်းသည့် သူတို့သည် လူလည်ဖြစ်လာကြသလား၊ လူနုံလူဖျင်း ဖြစ်လာကြသလား ဆိုသည်ကို သူတို့ကိုယ်သူတို့ မသိကြ။ အဖေသည် ဆင်းရဲနွမ်းပါးမှုနှင့် အတူ စရိုက်ကြမ်းကြမ်းလူငယ် ဖြစ်လာခဲ့တော့သည်။ ကျွန်တော်၏ညီအစ်ကိုရင်းများ၊ တစ်ဝမ်းကွဲ ညီအစ်ကိုများထဲက တစ်ယောက်ယောက်ကို အဖေသည် သူငယ်စဉ်က အုပ်စုဖွဲ့ကာ ရန်ဖြစ်ကြပုံကို မြိန်ရေရှက်ရေ စမြုံ့ပြန် ပြောပြတတ်သည်။ လူဆိုးလူသွမ်းအဖေသည် သူ့အကြောင်း သူပြောရင်း လူကြမ်း၊ အလုပ်ကြမ်းသမားဘဝကို ဂုဏ်ယူနေသည်မှာ အမှန်ပင်။ သူ၏အပြုအမူ လုပ်ရပ်တို့သည် ရှက်စရာကောင်းသည့်လုပ်ရပ်ဟု မသိ။ မမြင်။ လူငယ်အချင်းချင်း ဟားတိုက်စရာ လုပ်ရပ်ဟု အထင်ရောက်၍ သဘောကျ နှစ်သက်နေသည့် အဖေ့ရယ်မောသံကို ကြားခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရသည်။

၁၉၉၀ အစောပိုင်းကာလ။ တစ်နေ့၌ အမေသည် ကိုယ်ဝန်ရှိနေပြီ ဖြစ်ကြောင်း အဖေ့ကို ပြောခဲ့သည်။ ကျွန်တော်သည် အဖေနှင့် အမေ၏ ပထမဦးဆုံးသော ရင်သွေးဖြစ်သည်။ ကျွန်တော့်၌ အမေ၏ ပထမအိမ်ထောင်မှ မွေးသည့် အစ်ကိုကြီးနှင့် အစ်မကြီးတစ်ယောက် ရှိသည်။ အမေ၏ ပထမ အိမ်ထောင်သည် အရက် ကျေးကျွန်ဖြစ်ပြီး အသည်းခြောက်ဝေဒနာကို သေလုမျောပါး ခံစားခဲ့ရသည်။ အခြားသော သွေးတိုး၊ နှလုံး၊ ဆီးချို စသည့်ရောဂါ ဝေဒနာကိုလည်း ခံစားခဲ့ရသည်။ ကျန်းမာရေးအခြေအနေကြောင့် အတည်တကျအလုပ်လည်း မရှာနိုင်ခဲ့။ ကာလအတန်ကြာသည့်အခါ သူ၏ခန္ဓာကြီးသည် ကြမ်းပြင်ပေါ်တွင် ရုပ်ပျက်ဆင်းပျက် မှောက်ရက်ကြီးလဲ၍ အရိုးငေါငေါ ထွက်နေသော ဝါကျင့်ကျင့်မျက်နှာပေါ်ရှိ ဂေါက်သီးလုံးလောက်အရွယ်ခန့် အပေါက်ကြီးမှ မသထိစရာ လောက်ကောင်များနှင့် အပုတ်ရည်များ စီးကျကာ သေဆုံးသွားခြင်း ဖြစ်သည်။

အဖေသည် သားယောကျ်ားလေး မွေးဖွားလာမည့်သတင်းကို သိရှိလိုက်သည့်အခါ အတိုင်းမသိ ပျော်ရွှင်ခဲ့သည်။ ယောကျ်ားစိတ်အပြည့်ဖြင့် ဝမ်းမြောက်ဂုဏ်ယူခဲ့သည်။ သူ့ရင်ထဲတွင် ပီတိလှိုင်းများ ရိုက်ခတ်နေသည်။ ပြုံးပျော်နေသည့် လူကြမ်းကြီးသည် သူ့သွေးသားအပေါ် ဘယ်လောက်များ ကြမ်းကြမ်းတမ်းတမ်းဖြင့် ယောကျ်ားဆန်ဆန် ဖြစ်စေချင်လိုက်လေမလဲ။ ကျားကျားလျားလျား ကိုးတောင်ကျားအဖြစ် မွေးလာစေချင်မည်မှာ အမှန်။ ဖြစ်နိုင်လျှင် တစ်ရွာလုံးကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်နိုင်မည့် ရဲရင့်သည့် သားယောကျ်ားလေး တစ်ယောက်အဖြစ် ပုံသွင်းချင်မည်မှာ အသေအချာ။ အဖေက သူ့ရင်သွေးအား အက်ဒ်ဒီ ဟု အမည်ကင်ပွန်းတပ်ခဲ့သည်။ ထိုအချိန်က အဖေသည်တီဗွီက ပြသနေသည့် အမေရိကန်ရုပ်ရှင်ဇာတ်လမ်းတွဲကို နှစ်ခြိုက်စွာ စောင့်ကြည့်နေသည့် အချိန်။ မိသားစုအမည်ဖြစ်သည့် ဘယ်လ်ကဲလ်ကို ထည့်ပေါင်း၍ အက်ဒ်ဒီဘယ်လ်ကဲလ် ဟူ၍ ခေါ်တွင်စေခဲ့သည်။ ခပ်ကြမ်းကြမ်း ယောကျ်ားတစ်ယောက်ဖြစ်ရန် ပညတ်ခဲ့လေခြင်း။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ကန္တဲ့ကလျ၊ မူယာ နွဲ့နှောင်း၊ နွဲ့တဲ့တဲ့

မရှေးမနှောင်းတွင် ကျွန်တော်သည် အဖေ၏ မဟာအိမ်မက်ကြီးနှင့် မျှော်လင့်ချက်တို့ကို တစ်စစီ ရိုက်ချိုးသူ ဖြစ်လာခဲ့သည်။ ကြမ်းကြမ်းတမ်းတမ်း ယောကျ်ားသားဖြစ်ရေး အားခဲထားလေသမျှ ပိုးထိုးလောက်ကိုက် အပြစ်အနာလေး ပါလာလျှင် အဘယ်မှာမျှော်လင့်ဖွယ်ရာ ရှိပါတော့မည်နည်း။ ကျွန်တော် တစ်လ သားအရွယ်မှာ ချွတ်ယွင်းချက်ကြီးသည် စောစောစီးစီး ဖြစ်လာခဲ့လေပြီ။ မူလဘူတ အခြေခံ ဇာစ်မြစ်အရင်းကို မည်သူတစ်ဦးတစ်ယောက်မှ နားလည်နိုင်မည် မဟုတ်။ လူ့အဖွဲ့အစည်းထဲ၌ အဘယ်အကြောင်းကြောင့် ချွတ်ယွင်းချက်ကြီးဖြင့် မွေးဖွားလာ ရသနည်း။ ကိုယ့်ခန္ဓာနှင့်ကိုယ်၊ ကိုယ်တိုင် အကျဉ်းသားတစ်ဦးအဖြစ် မွေးဖွားလာ ခဲ့သည်ကို မည်သူမှ သိနိုင်ခဲ့မည် မဟုတ်။ မွေးကတည်းက ဖြစ်တည်လာသည့် ဘဝအမှန်တစ်ခုက မိန်းမလျာလေးအဖြစ်။ လူ့လောကကြီးထဲ၌ လူတောမတိုးသည့် ဂျိပုန်းဘဝကို အဘယ်အကြောင်းကြောင့်များ ရောက်လာခဲ့ရသနည်း။ ယောကျ်ား ကိုယ်နှင့် မိန်းကလေးအသွင်၊ နူးညံ့သိမ်မွေ့သည်သာမက၊ ကန္တဲ့ကလျ နွဲ့နှောင်းသည့် အပြင် အသံကလည်း သေးသေးစူးစူး။ မွေးဖွားလာကတည်းက ပါလာသည့် ပင်ကိုယ်ဗီဇစိတ်သည် မည်သို့မှ လုပ်ယူ၍မရနိုင်။ မွေးရာပါ ဗီဇစိတ်ကို မလိုချင်၍ လည်းမရ၊ လက်မခံ၍လည်း မဖြစ်၊ လက်ခံ၍လည်းမဖြစ်သည့် အနေအထား။ ငယ်ကတည်းက အချိန်တိုင်းလိုလို လက်ကလေးတွေမြှောက်ခါ၊ ဖော့ကာ၊ ဝိုက်ကာ

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်နေရသည်ကို ကျေနပ် ပျော်ရွှင်နေတတ်သည်မှာ မွေးရာပါ လိင်စိတ် ခံယူမှု ကြောင့်လော။

ကျွန်တော့်ငယ်ဘဝသည် ချောက်အိမ်မက်နှင့်တူသည်။ လူလားမြောက်စ အရွယ်သည် လှုပ်ရှားခြင်းများသောအရွယ် ဖြစ်လေသည်။ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြုမူနေထိုင် ပြောဆိုလာခြင်းကြောင့် မိဘများသည် မူမမှန်သည့်အမူအရာတို့ကို မျက်စိရှေ့တွင်ပင် မြင်တွေ့ဖန်များလာသည့်အခါ မည်သို့ ရှိနိုင်မည်နည်း။ သူတို့သည် ကျွန်တော့်ကို တစ်ခါမှ မမြင်ဖူးသကဲ့သို့ စူးစိုက်ကြည့်နေတတ်သည်။ အဖေသည် ခေါင်းကို သွင်သွင်ခါယမ်း၍ မည်သို့မျှ နားမလည်နိုင်။ မွေးရာပါ လိင်စိတ်သဘောကို မသိနိုင်ခဲ့။ သူတို့နှင့် စကားပြောသည့်အခါ ခြေလှုပ် လက်လှုပ်နေခြင်းကို နည်းနည်းမျှ မကြိုက်ကြ။ နွဲ့နှောင်းသွယ်လျသည့် လက်များကို ကနွဲ့ကလျ ယမ်းခါ၍ စကားပြောခွင့်မပြု။ ထို့နောက် သူတို့ဘာသာ သူတို့ "အက်ဒ်ဒီက ဘာလို့ မိန်းကလေးလို အမြဲဖြစ်နေရတာလဲ" ဟူ၍ မေးခွန်း ထုတ်လာကြတော့သည်။ ကောက်ခါငင်ခါဖြင့် "ငြိမ်ငြိမ်နေစမ်း၊ အဲဒီလို ညောင်နာနာအသံနှင့် နတ်ကတော် အမူအရာတွေကို မင်း မလုပ်ဘဲ နေလို့မရဘူးလား" ဟူ၍ အသံပြတ်ဖြင့် ဟန့်တားလာကြသည်။ သူတို့စိတ်ထဲတွင် ကျွန်တော်သည် မြင်သမျှ အတုယူကာ လိုက်လုပ်သည်ဟူ၍။ ငယ်နုသည့်အရွယ် ယောက်ျားလေး၌ ထိုသို့သော အမူအရာရှိခြင်းသည် မျက်မုန်းကျိုးစရာ။ လှုပ်ရှားမှု၊ အမူအရာတိုင်းသည် မျက်စိနောက်စရာ၊ ရှေ့တိုး နောက်ငင်၊ လူးလူးလွန့်လွန့်၊ လှုပ်လှုပ်ရွရွ ကနွဲ့ကလျတို့သည် သူတို့အဖို့ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ နွဲ့တဲ့တဲ့ အမူအရာနှင့် စကားပြောလျှင် သူတို့စိတ်ဆိုးအောင် တမင်ရွဲ့လုပ်နေသည်ဟု ထင်စရာ။

ကျွန်တော်သည် ပွေလီလှသည့် လူ့ဘောင်လောကကြီးထဲ၌ ရာနှုန်းပြည့် ကျားကျားယားယား ယောက်ျားတစ်ယောက်အဖြစ် မဟုတ်ဘဲ၊ ဤသို့ဤနှယ် ဂျယ် တစ်ယောက်အဖြစ် မှားယွင်းနေရသည်ကို မည်သို့ လုပ်ရမည်မသိ။ ဘာကြောင့် ဤသို့ ဖြစ်နေရသနည်း ဆိုသည်ကိုလည်း လုံးဝနားမလည်နိုင်။ မျိုးရိုးဗီဇကြောင့်လော။ ဇီဝဗေဒဖွဲ့စည်းမှုကြောင့်လော။ မည်သို့ပင် ဖြစ်စေကာမူ ကျွန်တော်လက်လှမ်းမမှီ မသိနားမလည်သည့်ကိစ္စ။ ယောက်ျားလေး ဖြစ်ချင်တာလား၊ မိန်းကလေး ဖြစ်ချင်တာလား ဆိုသည်မှာ မိမိကိုယ်တိုင် ရွေးချယ်ခွင့် ရှိခဲ့သည်မဟုတ်။ ကနွဲ့ကလျ၊ မူယာနွဲ့နောင်းသည့် ဆန့်ကျင်ဘက်လိင်ဖြစ်သည့် မိန်းကလေးအမူအရာ၊ အသံပြာတာတာ စူးစူးရှရှမျိုးကို ကျွန်တော် ရွေးချယ်ခဲ့ခြင်း မဟုတ်သည်မှာ သေချာ

mgyoe.com

mgyoe.com SAMPLE BOOK

လှသည်။ ပေါင်နှစ်ချောင်းပူး၍ လိမ်ဖယ် လိမ်ဖယ် လမ်းလျှောက်နေရသည်ကို ကျွန်တော် မနှစ်သက်။ တင်လေး လိမ်ကျစ် လိမ်ကျစ်နှင့် ဟိုဘက် ဒီဘက် ခြေထောက်များကို ယမ်း၍ ယောက်ျားဖြစ်လျက် မိန်းမစိတ်၊ မိန်းမအမူအရာတို့သည် ကျွန်တော်လိုချင် တောင့်တခဲ့ခြင်းလား။ လုပ်ယူဖန်တီး၍ မည်သို့မျှ မဖြစ်နိုင်။ မွေးရာပါ ဖြစ်ပျက်လာခြင်းသာ။ ကျွန်တော့်လည်ချောင်းထဲက ထွက်လာသည့် အမျိုးအမည် မပြောနိုင်သည့်အက်ကွဲ၍ စူးရှရှအသံကို ကြောက်ခဲ့၊ ထိတ်လန့်ခဲ့ရသည်။ တားဆီး၍ မရနိုင်လောက်အောင် အံ့သြခြင်းနှင့်အတူ စိတ်ပျော်ရွှင်ခြင်းလည်း ဖြစ်နေမိသည်။ စိတ်ထဲမှနေ၍ ကြည်နူးသာယာနေမိသည့်အတွက်၊ ကျွန်တော် ဘာမှ မတတ်နိုင်ခဲ့။

မလှပ်သာ၊ မလှည့်သာ လူသေအခေါင်းနှင့်တူသည့် ကလေးအိပ်ခန်းလေးထဲမှာ ကျွန်တော်သည် လူကြီးများမသိအောင် စိတ်ထဲရှိသည့်အတိုင်း ပြုမူခဲ့သည်။ ထိုအခန်းလေးသည် ချောင်ကျ၍ မှောင်သည်။ အဘယ်ကြောင့်ဆိုသော် အခန်းထဲတွင် လျှပ်စစ်မီးတစ်ပွင့်လေးပင် မရှိသောကြောင့် ဖြစ်သည်။ (လျှပ်စစ်သွယ်တန်းရသည့် ကြိုးများ၊ မီးခလုတ်၊ မီးလုံးမီးသီးများ၊ မီးပလပ်များ စသည်ကို ဝယ်ရန်အလို့ငှာ ပိုက်ဆံတစ်ပြားမျှ မရှိ။ စားပွဲတင်မီးသီးလေးတစ်လုံးပင် မထားနိုင်ခဲ့။)

ကျွန်တော်သည် အစ်မကြီး၏ အဝတ်အစားများကို တစ်တိတစ်တိ ဝှက်၍ ထိုအခန်းထဲရှိ တစ်နေရာမှာ သွားထားသည်။ လူကြီးများ မမြင်အောင် အဝတ်အစားများကို ခိုးဝတ်သည်။ အစ်မကြီး၏အတွင်းခံ၊ ဘောင်းဘီ တိုနံ့နံ့ စကတ်အတို၊ အရှည်၊ ဂါဝန်အတို၊ အရှည်၊ အစက်အပြောက် အပွင့်လေးများနှင့် တီရှပ်၊ အင်္ကျီလက်ပြတ်၊ ဇာပန်းပွင့်လေးများနှင့် အတွင်းခံ ဘောင်းဘီများ၊ ဘော်လီများ၊ ဖိနပ်လှလှလေးတို့ကိုစိတ်တွင် တိမ်းညွတ်၍ မိန်းကလေးတစ်ယောက်လို နေထိုင်ဝတ်စားချင်လာသည်။ ကျွန်တော့်စိတ်ထဲက သိုမှီးထားသည့်ဆန္ဒကြောင့် မိန်းကလေးအသုံးအဆောင်များကို စွဲလမ်းနှစ်သက်နေခြင်းကို ပျောက်သွားအောင်လုပ်၍မရ။ ရင်တွင်းခံစားချက်ကို ဖျောက်ဖျက်ပစ်၍ မရနိုင်ခဲ့။

မိန်းကလေးကဲ့သို့ ဝတ်စားဆင်ယင် ပြုမူနေထိုင်နေရခြင်းကို ကျေနပ်နေမိသည်။ မိန်းကလေး အဝတ်အစားများကို ခိုးကြောင်ခိုးဝှက် ဝတ်ဆင်ရသည့် အခါတိုင်း၊ ကျွန်တော့်ကိုယ်ကျွန်တော် အလှဆုံးဟု မြင်သည်။ လှပသော ပန်းပွင့်ကလေးများကို ပန်ဆင်ထားရသည့်ပမာ နှလုံးကို ချိတ်တွယ်၍ ဘဝင်ခိုက်လှသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပျော်လွန်းလို့ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျရသည်။ မိန်းကလေးအသုံး အဆောင် ပစ္စည်းလှလှလေးများသည် စွဲမက်စရာကောင်း၍ လှလှပပဝတ်စား၍ အလှပြင်ရသည်မှာ အရသာရှိလှသည်။ နှလုံးသားတစ်ခုလုံးသည် တဆတ်ဆတ် တုန်ရင်နေသည်။

မိန်းကလေး အဝတ်အစားများ၏ အတွေ့၊ အနံ့တို့သည် ချစ်စရာ၊ မက်မောစရာ။ ကျွန်တော့်မျက်လုံးထဲက မထွက်ဘဲ နှလုံးသားထဲတွင် စွဲနေသည်။ ဝတ်စား၍ ဆံပင်ကလေး ကပိုကရိုချ၍ ခေါင်းကို ဘယ်ညာခါယမ်း လိုက်တိုင်း သဘောကျလွန်းသဖြင့် အသက်ရှူဖို့ပင် မေ့နေသည့်အလား။ မျက်နှာပေါ် မိတ်ကပ်၊ တို့ပတ်၊ နှုတ်ခမ်းများ လိမ်းခြယ်လိုက်မိလျှင် မင်းသားလိုလို၊ မင်းသမီးလေး လိုလို လှနေသည်ဟု ထင်မိသည်။ အစ်မကြီး၏ အဝတ်များကို ဝတ်၍ အမှောင်ထဲ တွင် အရှေ့လျှောက်လိုက်၊ အနောက်လျှောက်လိုက်ဖြင့် ဖက်ရှင်ရှိုး လျှောက်သကဲ့ သို့ လုပ်နေရသည်ကို ပျော်နေမိသည်။ မကြုံစဖူး၊ ထူးထူးကဲကဲ ပျော်သည်။ အင်္ကျီ လေးများကို ကိုယ်မှ မခွာရက်၊ မချွတ်နိုင်လောက်အောင် နှစ်သက်နေမိသည်။ ကျွန်တော်သည် ရှု၍မငြီးအောင် တင့်တယ်နေသည်ဟု ခံစားရသည်။ သို့သော် နောက်တစ်နေ့တွင် နောင်တရစွာဖြင့် ကျွန်တော့်ကိုကျွန်တော် ပြန်လည် တွေးနေ မိပြန်သည်။ "ငါ ရူးနေတာလား။ သည်လို ဝတ်စားနေရသည်ကို ကြည်နူးနေခြင်း က စိတ်မနှံ့ခြင်းလား။ ငါက ကျက်သရေမရှိတဲ့ ကောင်ပါလား။ ငါ ဒီလိုမဝတ်တော့ ဘူး၊ ငါဟာငါ မဟုတ်ဘူး၊ ငါ ဘယ်သူလဲ" ဟု တွေးလိုက်သည့်အခိုက် ရှက်ရွံ့ခြင်း နှင့် စိတ်နှလုံး နာကျင်ခြင်းတို့သည် တရိပ်ရိပ်။ "ငါဟာ ယောကျ်ားလား၊ မိန်းမလား" အသည်းနှလုံးတို့သည် နာကျင်လွန်းနေပြီ။ ကျွန်တော့်စိတ်ကူးထဲတွင် မိန်းကလေး အဝတ်အစားများကို ကတ်ကြေးဖြင့် ကိုက်ဖြတ်၊ မီးရှို့၏။ ဘယ်တော့မှ မမြင်နိုင် အောင် တွင်းတူးပြီး ပစ်ချ၏။ ကျွန်တော့်စိတ်သည် ဗရမ်းဗတာ ဖြစ်ချင်တိုင်း ဖြစ် နေလေတော့သည်။ ကျွန်တော့်စိတ်နှင့် ကျွန်တော့်ခန္ဓာကို ကျွန်တော် မပိုင်ပါလား။

စိတ်တိမ်းညွတ်မှုတို့သည် ကျွန်တော် မသိလိုက်ပါဘဲ၊ မိန်းကလေးသဘာဝ အတိုင်း ဖြစ်လာသည်။ ဗီဇစိတ်တို့သည် မိန်းကလေးဘက်သို့ ယိမ်းယိုင်ပြီး ဖြစ်လေ ရာ ပြဇာတ်ကြည့်ခြင်း၊ အမျိုးသမီးအဆိုတော်များ၊ အရုပ်လှလှလေးများကို ဘောလုံး၊ ဗီဒီယိုဂိမ်းများထက်ပို၍ နှစ်သက်မက်မောလာသည်။ အလှအပ အသန့်အပြန့် ကြိုက်၍ အလှအပ အသုံးအဆောင် ပစ္စည်းများကိုသာ တပ်မက်စွဲလမ်းလာတော့ သည်။ ကျွန်တော်၏ ဖြစ်တည်မှုသဘာဝကို မလွန်ဆန်နိုင်ခဲ့သဖြင့် ထိုသဘာဝ

mgyoe.com

mgyoe.com
SAMPLE BOOK

အတိုင်း လက်ခံရန်သာ ဆန္ဒရှိနေခဲ့သည်။ ဘယ်သူ တားတား မရနိုင်လောက်အောင် ကျွန်တော့်နှလုံးသား စိတ်အလိုအတိုင်း ရင်ဆိုင်လိုက်ဖို့သာ ကြံရွယ်တော့သည်။

အရွယ်ကလေး ရလာလေလေ၊ ကျွန်တော့်အား ကြည့်နေသည့် အဖေ၏ စေ့စေ့စိမ်းစိမ်း၊ အကြည့် စူးစူးရဲရဲတို့သည် ပို၍ ကြောက်စရာကောင်းလာလေလေ။ ကျွန်တော်သည်လည်း အဖေ့ကို ကြောက်လွန်း၍ သေမတတ် ခံစားရသည်။ အဖေ သည် တန်ခိုးအာဏာမဲ့သည့် ဘီလူးသရဲတစ်ကောင်၏ မျက်နှာမျိုးဖြင့် သူ ဖန်တီး ခဲ့သည့်အရာသည် အဘယ်သူနည်း ဟူ၍ ဇဝေဇဝါ ဖြစ်နေဟန်။ ဘယ်လောက်တောင် ရှက်ဖို့ ကောင်းလိုက်သနည်း။ ဘယ်အဖေကမှ သားယောကျ်ားလေးကို ဂျိပုန်း မဖြစ် စေလို။ အဖေ့စိတ်ထဲ၌ ငါနှင့်တူတဲ့သား၊ ငါ့သားမှ ဟုတ်ပါလေစ ဟူသော အတွေး ရှိနေပြီ။ ဖခင်တို့သည် မိမိရင်သွေးအပေါ် မိမိအသက်ကိုပင် ပေးအပ်လိုသည့် မေတ္တာစိတ်ထား ရှိတတ်ကြသော်လည်း မိမိရင်သွေး၏ ထူးခြားဆန်းကြယ်သော အမူအရာတို့ကြောင့် အနေစိမ်းကာ ရင်းနှီးနွေးထွေးသော တွယ်တာမှုများ ပျောက် ဆုံးသွားသကဲ့သို့ ခံစားရတတ်သည်။ ဤသို့ဖြင့် ရှုပ်ထွေးလှသည့် ကိစ္စတို့သည် အမေ့ပခုံးပေါ်သို့ ကျလာသည်။ ကျွန်တော်သည် အမေ့အကြောင်း ထပ်တလဲလဲ တွေးမိပြန်သည်။ အဖေ၏ “ငါ့သားမှ ဟုတ်ရဲ့လား” ဆိုသည့်အမေး၌ အမေ ပြန်ဖြေလိမ့်မည် မဟုတ်။ ထိုကဲ့သို့သော သားအတွက် အမေ့မှာ အဖြေမရှိနိုင်။ နေ့စဉ်နှင့်အမျှ ဒုစရိုက်ကျူးလွန်ထားသူကဲ့သို့ စွပ်စွဲခံနေရသည့် အမေသည် သည်ဒဏ်ကို ကြာကြာခံနိုင်တော့မည် မဟုတ်။ စိတ်ကူးထဲတွင် မြင်ယောင်နေ သည်မှာ တစ်နေ့နေ့တွင် အမေသည် စားပွဲပေါ်တွင် စာတိုကလေးရေးကာ အိမ်မှ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခွာသွားတော့မည်။ အမေ ဘယ်သွားမည်နည်း။ ကျွန်တော့် ကို စွန့်ပစ်တော့မည်လား။ ဘယ်တော့များ မိဘစွန့်ပစ်ခြင်း ခံရမည်နည်းဟု တွေးနေ မိသည်။ အိမ်မက်ထဲ၌ အဖေနှင့် အမေသည် ကားမောင်း၍အဆုံးအစမရှိ လူသူ ကင်းသည့် လမ်းမကြီးထက်မှ ဆင်း၍ မည်းမှောင်သော တောအုပ်ထဲသို့ ဝင်ကာ၊ တောလယ်ခေါင် ဂူကြီးထဲရှိ သားရဲတိရစ္ဆာန်များရှိရာသို့ ကျွန်တော့်ကို ခေါ်သွား ကာ စွန့်ပစ်ထားခဲ့သည်။ (သူတို့သည် ထိုသို့လုပ်မည့်သူများ မဟုတ်ကြသလို၊ ဖြစ် လည်းမဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဝေးဝေးလံလံသို့ သွားတတ်ကြ သည့်သူများ မဟုတ်ကြ။) သို့သော်ငြားလည်း ကျွန်တော်၏ စိတ္တဇအတွေးတို့သည် နေ့စဉ်နှင့်အမျှ လုံးလည်လိုက်နေသည်။ ကြောက်ရွံ့မှုနှင့် စိုးရိမ်စိတ်တို့သည် ကြီးစိုး နေခဲ့၏။

mgyoe.com

mgyoe.com
SAMPLE BOOK


အကျင့်နုခိုက်မှာ ကြိုးစား၍ ဖျောက်ဖျက်နိုင်ရမည်ဟူသော အတွေးဖြင့် အဖေနှင့် အမေသည် ကျွန်တော်၏ မှားယွင်းနေသည့် မိန်းကလေးဆန်သည့် အမူအကျင့်များကို ဖျောက်၍ ယောကျ်ားလေး စရိုက်ဖြစ်ရန်၊ လမ်းမှန်၊ နေရာမှန်သို့ရောက်အောင် မရပ်မနား မညှာမတာ၊ အတင်းအကျပ် ကြိုးစားခဲ့ကြပါသေးသည်။ သို့သော် သူတို့ကြိုးစားထားသမျှတို့သည် သဲထဲရေသွန်ချည်း ဖြစ်ခဲ့ရသည်။ မိဘနှင့် သားသမီးကြား ဆက်ဆံရေးသည် ရှုပ်ထွေးသည့်အလျောက် အချိန်ယူခဲ့ရသည်။ သို့သော် အချိန်ကြာလာသော်လည်း ကျွန်တော်၏ အပြုအမူတို့သည် မည်သို့မျှ ပြောင်းလဲခြင်း မရှိခဲ့။ အထင်နှင့်အမြင် မကိုက်ညီသည့်အခါ အဘယ်မျှလောက် မကျေမချမ်းဖြစ်သည်ကို သိနိုင်ပေသည်။ အဖေသည် ဒေါသတကြီးဖြင့် "လခွီးတဲ့မှပဲ. . . ညဏ်ရည်မမှီတဲ့ သွက်ချာပါဒကောင်၊ မင်းခေါင်းကို နေရာမှန်သွားအောင် ဝက်အူနှင့် လှည့်ပစ်ရမယ်၊ ခေါင်းထဲမှာ ဦးနှောက် မပါလာဘူး၊ ငါ ဘယ်လောက် ပြောပြော မင်း အကျင့်ကို မဖျောက်ဘူး။ အလကား အသုံးမကျတဲ့ နွား" သူတို့နှုတ်မှ ကျိန်ဆဲစရာ ဝေါဟာရများတွင် များသောအားဖြင့် ကျွန်တော့်ကို အခြောက် ဟု ခေါ်သည်။ သူတို့စိတ်၊ မျက်စိထဲတွင် ကျွန်တော်သည် မိန်းမလျာ။ ဦးနှောက်ပျက်နေတဲ့ကောင်၊ လူစဉ်မမှီတဲ့ကောင်။ ကျွန်တော်သည် လူနုံ၊ လူအ ဟု အခေါ်ခံရခြင်းထက် ပို၍ ဂျီပုန်း၊ ဂန်ဒူး ဟူ၍ သတ်မှတ်ကြသည်ကို စက်ဆုပ်ရွံမုန်းမိသည်။ ဤကမ္ဘာလောကကြီး၌ ယောကျ်ားဘဝသည် အမြတ်ဆုံး။ ယောကျ်ားဖြစ်ရခြင်းသည် အသာလွန်ဆုံး။ လူမင်း ဘုန်းကြီးက နတ်မင်း မနေနိုင်၊ ယောကျ်ားဆိုတာ ဘုန်းလက်ရုံး ရှိရမယ်၊ ခြင်္သေ့လို လည်ဆံမွှေးနှင့် ရဲရင့်ရမယ်၊ ကြက်ဖလို အမောက်ထောင်နိုင်အောင် ကျင့်ရမယ်၊ ယောကျ်ားမှန်ရင် ကြံ့ခိုင်ရမယ် စသည်ဖြင့် အမေက ပြောဖူးသည်။ အမေသည် သူ့ကိုယ်သူ ခိုင်းနှိုင်း၍ "ငါ့မှာသာ မင်းလို ယောကျ်ားအင်္ဂါ ပါလို့ကတော့ ဘယ်သူ့ အစော်ကားမှ မခံဘူး။ ငါ့အကြောင်း သိစေ မဟေ့" ဟု ကြိမ်းဝါးတတ်သည်။

အဖေသည် ခိုင်မြဲသော ရင်းနှီး ချစ်ကြည်တွယ်တာမှုများ ရရှိစေရန် ဘောလုံးကစားခြင်းက ကျွန်တော့်စိတ်ကို ပြောင်းလဲပစ်နိုင်မည်ဟု တွေးထင်ခဲ့သည်။ ညီအစ်ကိုဝမ်းကွဲ တော်သူများနှင့် ဘောလုံးကစားနိုင်ရန် အကြံပေးတော့သည်။ ယောကျ်ားလေး သူငယ်ချင်းများနှင့် လက်ပွန်းတတီး အနီးကပ်နေထိုင်ခြင်းဖြင့် ကျွန်တော်၏ အကျင့်စရိုက်များ ပြောင်းလဲသွားနိုင်သည်ဟု ယုံကြည်ခဲ့သည်။ ကျွန်တော်ကမူ အကသင်တန်းသို့ အစ်မကြီးနှင့် အတူသွားချင်သည်။ စိန်ရောင်၊

mgyoe.com

mgyoe.com SAMPLE BOOK


ရွှေရောင်၊ ငွေရောင်၊ ပတ္တမြားရောင် တဖျတ်ဖျတ်လက်နေသည့် ငွေချည်ထိုး ရွှေချည်ထိုး အဝတ်အစားများကိုဝတ်၍ ဦးခေါင်းထက်တွင် သရဖူလေးဆင်မြန်းကာ စင်မြင့်ထက်တွင် ကနေမည့် ကျွန်တော့်ကိုယ်ကျွန်တော် မြင်ယောင်နေမိသည်။ အိမ်မက်ထဲ၌ အသံသာသာဖြင့် တေးတစ်ပုဒ်ကိုဆိုကာ ဖဲကြိုး ဖဲပြား ရောင်စုံလေးများနှင့် လှချင်တိုင်းလှ။ လက်များကို ကွေးညွတ်ဆန့်တန်း၍ တစ်ကိုယ်လုံးလှည့်ကာ ကချင်တိုင်းက၍ အကျေနပ်ကြီး ကျေနပ်နေသည့် ကျွန်တော်သည် အိပ်ရာမှ နိုးလာသည့်အခါ လက်တွေ့ဘဝထဲ ထိုသို့မဟုတ်သဖြင့် တုန်တုန်ရီရီဖြင့် ချွေးတဒီးဒီးကျသည်အထိ အရှက်ကြီးရှက်နေမိသည်။ ကယောင်ကတမ်းဖြင့် ရေရွတ်နေမိသည်က ငါလူ့ပြည်ကို ရောက်လာတာ ကံဆိုးလိုက်တာ။ ဘယ်လောက်ရှက်စရာကောင်းသလဲ။ ငါသေသွားရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ ထိုသို့စိတ်မျိုးဖြစ်ရသည်ကိုလည်း မနှစ်မြို့။ ရွာထဲက မက်စီမမ်အမည်ရှိသည့် တခြားကောင်လေးသည် သူ့မိဘများ၏ခွင့်ပြုချက်ဖြင့် အက သင်တန်းတက်ခွင့်ရသည်။ သို့သော် တခြားသူများက မည်သို့မျှ နားမလည်နိုင်။ ထိုကောင်လေးကို Dancing Queen ဟု ခေါ်ကြသည်။

ပုံမှန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့် သားအရေးကို တွေး၍ စိတ်မအေးသည့် အဖေက မှန်မှန်ကန်ကန် နည်းလမ်းတကျ အရွယ်ရောက်လာစေခြင်းအလို့ငှာ "အက်ဒ်ဒီ၊ ဒီကို ခဏလာပါဦး၊ ငါ့သား။ မင်း ဒီလိုသာ နေနေရင် တန်ဖိုး မရှိဖြစ်တော့မယ်။ မင်း အစ်ကိုတွေ ရွာထဲက တခြားယောကျ်ားလေးတွေနှင့် အတူတူဘောလုံးလေ့ကျင့်ပါ၊ သွားပါကွာ၊ ငါ့ကို အရှက်မခွဲပါနှင့်။ အနည်းဆုံးတော့ ဒီနည်းနှင့် ကြိုးစားပြစမ်းပါကွာ"

တစ်ကြိမ်တွင် ကျွန်တော်သည် ကြောက်ကြောက်လန့်လန့်နှင့် သဘောတူခဲ့ပြီး အဖေ ကျေနပ်စေရန် ဘောလုံးကစားကွင်းသို့ သွားခဲ့၏။ ဘောလုံးသွားကစားသော်လည်း တုန်တုန်ရီရီဖြင့် တခြားသူများထက်စော၍ အိမ်ပြန်လာခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဘောလုံးလေ့ကျင့်ပြီးသွားပါက သော့ခတ်ထားသည့် အခန်းထဲတွင် ယောကျ်ားလေးများ အားလုံးသည် စုပေါင်း၍ လွတ်လွတ်လပ်လပ် ရေချိုးကြရသည်။ ထိုနေရာသည် ကျွန်တော့်အတွက် အထိတ်လန့်ဆုံးနှင့် အကြောက်ဆုံးဖြစ်သည်။ တစ်ခုခု ဖြစ်သွားမှာ ကြောက်နေသည်။ ထို့နောက် ကြောက်ကြောက်လန့်လန့်ဖြင့် အိမ်ပြန်လာခဲ့သည်။ အဖေ့ကို တောင်းတောင်းပန်ပန်ဖြင့် "ကျွန်တော် တောင်းပန်ပါတယ် အဖေ၊ ကျွန်တော့်ကို အတင်းအကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

မလုပ်ပါနှင့်တော့။ ဒီလောက်ဆို လုံလောက်ပါပြီ။ ဘောလုံး မကစားပါရစေနှင့် ကျွန်တော်နှင့် ဘယ်လိုမှ မဖြစ်လို့ပါ" အဖေသည် စောဒကတက်ကာ တစ်ခုခု ပြောမည်ကြံပြီးသည့်နောက် ကျွန်တော့်အခြေအနေသည် နည်းနည်းမှ အားရစရာ မကောင်းသည်ကို ရိပ်မိသည်။ မပဟန်မှန်း သိသဖြင့် ကျွန်တော့်ဆန္ဒအတိုင်း လိုက် လျှောလိုက်ရလေတော့သည်။ သားသမီးကို နိုင်သည့် မိဘ ဟူသည် မရှိရိုး ဆိုသည့် စကားသည် မှန်ကန်လှသည် မဟုတ်ပါလော။

ကျွန်တော်နှင့် အဖေ အတူရှိနေသည့်အခါ ရပ်ကွက်ထဲက ကော်ဖီဆိုင်သို့ သွားကြသည်။ ဆေးလိပ်သောက်လွန်းလှသဖြင့် သဘော်ာခေါင်းတိုင် ဟု အမည် ပြောင်ခေါ်တွင်သည့် ဘောလုံးအသင်းဥက္ကဋ္ဌနှင့် ဆုံသည့်အခါ ထိုသူက မျက်ခုံး ပင့်၍ အဖေ့ကို မေးခွန်းထုတ်သည်။ "မင်းသားက ဘာလို့ လေ့ကျင့်ကွင်းကို မလာ တာလဲ" ကျွန်တော်သည် အဖေ့အမူအရာကို အကဲခတ်နေမိသည်။ မျက်လွှာချ ထားသည့် အဖေ၏ ယုတ္တိယုတ္တာ မရှိသော လိမ်ညာတော့မည့် မျက်လုံးများ။ လေးတိလေးတွဲ့ဖြင့် "ကျွန်တော့်သားက ဘောလုံးကစားတာကို သိပ်စိတ်မဝင်စား သေးလို့ပါ" လူလယ်ခေါင်တွင် မိဘဖြစ်သူ၏ အရှက်ရသည့် မျက်နှာဖြင့် မျက်လွှာ အောက်ချကာ ညိုးသွေ့နေသည်ကို မြင်လိုက်ရသည့် ထိုအခိုက်အတန့်ကာလ၊ ဘယ်လောက် အရှက်ရသင့်သနည်း။ ကျွန်တော့်စိတ်သည် ထိုင်းမှိုင်းလေးလံကာ စိတ်သောက ရောက်ခဲ့ရသည်။ မီးခိုးခေါင်းတိုင်ကြီးသည် အဖေ့စကားကို မယုံ။ ထို့ကြောင့် အဖေက ခပ်ရွံ့ရွံ့ဖြင့် မျက်နှာလွှဲ၍ "ခင်ဗျား သိတဲ့ အတိုင်းပဲ၊ ကလေးက စိတ်မဝင်စားတာကို ကျွန်တော်တို့က အတင်းအကျပ်လုပ်လို့ သိပ်ကောင်းတာ မဟုတ်ဘူး။ အက်ဒ်ဒီက နည်းနည်း ထူးခြားတယ်၊ သူများနှင့် မတူဘူး၊ မြင်တဲ့အတိုင်း ပဲ၊ ခုတောင် လေတိုက်လိုက်တာနှင့် လွင့်သွားတော့မယ်၊ နောက်ပြီး ကျွန်တော့်သားက တီဗွီရှေ့မှာ ထိုင်ကြည့်နေရတာကို ကြိုက်တယ်၊ သတင်းစာ၊ ဂျာနယ်၊ စာအုပ်တွေ ဖတ်ရတာ ပိုပျော်နေလို့ပါ" ထို့နောက် အဖေသည် မိမိရင်သွေး၏ စိတ်နှလုံးကို နားလည်ခဲ့သည့်အလျောက် ထိုလူနှင့်စကားစဖြတ်ကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ကျွန်တော့်လက်ကိုဆွဲ၍၊ ဘုံဆိုင်ထဲမှ ထွက်လာခဲ့ရသည့် အဖေ့ကို စာနာသနားမိ သည်။ အဖေ၏ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်ခဲ့သည်။ တခြားလူများ ၏ ဒီကောင်လေး ဘောလုံး မကစားချင်တာ အကြောင်းတော့ ရှိရမယ် ဆိုသည့် တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ ဘာပါလိမ့် ဟူသော အကဲခတ် အကြည့် ကို မလိုလားခဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော်သည် လူဦးရေ တစ်ထောင်နီးနီးရှိသည့် ပြင်သစ်မြောက်ပိုင်းဒေသ၏ ရွာလေးတွင် ကြီးပြင်းခဲ့သည်။ ကျေးတောသားဘဝမှာ ရွာလေးထဲက အသိအကျွမ်း တခြားကလေးများနှင့်အတူ သက်တောင့်သက်တာ နေသားကျခဲ့သည်။ ကမ္ဘာပေါ်ရှိ တစ်စက်ကလေးမှ အငြိမ်မနေ၊ ဆော့ကစားတတ်သည့် ကလေးများ ငယ်ရွယ်စဉ်ကာလ အပြစ်ကင်းစွာဖြင့် မြူးတူးပျော်ရွှင်ကြရသလို၊ ကျွန်တော်သည်လည်း လှုပ်လှုပ်ရွရွ ပျော်ခဲ့သည်။ ကလေးဘဝတည်းဟူသော အမြင်၊ အသိတို့သည်သာမန် ဖြစ်သော်လည်း ပျော်စရာလေးများနှင့် ပြည့်နေခဲ့ပါသည်။ စိမ်းစိုအုပ်ဆိုင်းနေသည့် သစ်တောအုပ်ကြီးထဲတွင် လမ်းလျှောက်ခဲ့သည်။ တောထဲတွင် လင့်စင်များ ဆောက်ခဲ့သည်။ မီးပုံပွဲများလုပ်ကာ သီချင်းသံများနှင့် ကခုန်ခဲ့သည်။ လယ်တောထဲမှ နွားနို့ပူပူကို သောက်ခဲ့သည်။ တူတူပုန်းတမ်း ကစားခဲ့သည်။ ပုန်းလို့ပြီးပလားဟေ့. . . ရှာတော့မယ် တစ်၊ နှစ်ဟု ဆိုကာ အလုအယက် ပုန်းကြနှင့် ပျော်စရာ ကောင်းခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် လမ်းကျဉ်းကျဉ်းလေးထဲက သစ်ရွက်လေးတွေ ကောက်ကြ၊ ပန်းလေးတွေ ခူးကြနှင့် ပျော်ခဲ့သည်။ တစ်ရွာလုံးရှိ ကလေးများနှင့်အတူ ရောနှောကစားခဲ့သည်။ အဘွားအိုတို့ ကျွေးသည့် သကြားလုံးလေးများ ကိုယ်စီရခဲ့ကြသည်။ ခိုင်လုံးညွတ်နေအောင် တဝေဝေ ပွင့်သီးနေကြသည့် ပန်းသီးပင်များမှ ပန်းသီးများကို သူ့ထက်ငါ ဦးအောင် ခူးဆွတ်ခဲ့ကြသလို၊ ဆီးသီးပင်မှ ဆီးသီးများ မြေပေါ် တဖုတ်ဖုတ် ကြွေကြသည်ကိုလည်း အပြိုင်အဆိုင် ကောက်ခဲ့ကြသည်။ ဥယျာဉ်ထဲက ရာသီပေါ် သစ်သီးတို့သည် မြေကြီးနှင့်ထိလုဘနန်းညွတ်ကျနေသဖြင့် ခူးဆွတ်ကာ လက်မောင်းတလျှောက် အရည်ရွှမ်းများ စီးကျသည်အထိ ပလုတ်ပလောင်း စားခဲ့သည်။ တစ်ကိုယ်လုံးသည်လည်း သစ်သီးမှည့်အနံ့များဖြင့် သင်းနေခဲ့သည်။ သစ်ပင်တစ်ပင်မှ တစ်ပင်ပေါ် တက်လိုက်၊ ဆင်းလိုက်ဖြင့် ကစားခဲ့ကြသည်။ ဆောင်းဦးရွက်ကြွေ ရောင်စုံသစ်ရွက်လေးများသည် လှပလွန်းသည်။ သစ်ရွက်ကြွေတို့သည် လမ်းတလျှောက် ခင်းကျင်းထားသဖြင့် ခြေထောက်လေးများ မြုပ်သည်အထိ လမ်းလျှောက်ခဲ့ကြသည်။ စိမ်းညို့နေသည့် တောင်တန်းကြီးများ၏ ရွက်ကြွေများ၊ သစ်အယ်သီးကြွေချိန်သို့ ရောက်သည့်အခါ တဖြုတ်ဖြုတ် ကြွေကြနေသည့် မြင်ကွင်းတို့သည် အလုအယက် ပြေးကောက်ချင်စရာ။ သစ်အယ်သီး တစ်ပွေ့တပိုက်ဖြင့် အိမ်အပြန်လမ်းတစ်လျှောက်အပြုံးချိုချိုတို့ဖြင့် လန်းဆန်းတက်ကြွနေခဲ့သည်။ တောဒေသတစ်ခွင်အနှံ့ ပြေးလွှားဆော့ကစားခဲ့ရသဖြင့် သဘာဝအလှတရားတို့သည် ကျွန်တော့်စိတ်ကို ပို၍ နူးညံ့

mgyoe.com

mgyoe.com SAMPLE BOOK

စေသည်။ ဤသို့ဖြင့် ညစ်ကျယ်ကျယ် မိုက်တိမိုက်ကန်း ကြမ်းပိုးတေလေ ကောင်လေး ဖြစ်မလာခဲ့သည်မှာ သေချာလှပါသည်။

အမေကတော့ "ငါ့သားကို အကောင်းတကာ့ အကောင်းဆုံးတွေ ပေးခဲ့တယ်။ ဘယ်သူက ဘယ်သူ့ကို ထိုးနှက်လိုက်တယ် ဆိုတာတွေထက် ပိုကောင်းတဲ့ အရာတွေ ငါ့သားလေး ရခဲ့တယ်" လို့ ပြောကောင်း ပြောပေလိမ့်မည်။ လူတွေနှင့် စကားပြောသည့်အခါတိုင်း "ချာတိတ်လေးက တစ်မျိုးပဲ" ဆိုသည့် စကားသံတို့သည် ကျွန်တော့်အတွက် မစိမ်းတော့။ နောက်ဆုံး၌ တစ်ရွာလုံးက အခြောက်ကလေးဟု ခေါ်ကာ နောက်ပြောင်စရာ ဖြစ်ခဲ့သည်။ မာတီနီမှ ရောက်လာသည့် လူမည်း ဂျော်ဒန်ကို ပြောကြသလိုမျိုးပေါ့။ အနီးအနားရှိလူများက "ဂျော်ဒန်၊ ငါတို့က လူမည်းတွေကို သိပ်သဘောတွေ့လှတယ် မဟုတ်ဘူး။ ဒီဘက်ခေတ်မှာ လူမည်းတွေ နေရာတိုင်းကနေ ရောက်လာကြတယ်။ သူတို့နိုင်ငံက ပြည်တွင်းစစ်နှင့် မငြိမ်းချမ်းသလို ဆင်းရဲလွန်းတယ်။ ဘယ်သွားသွား ဒုက္ခတောက မထွက်နိုင်ကြဘူး။ ပြဿနာပေါင်းစုံနှင့် ငါတို့ နိုင်ငံကို ရွှေ့ပြောင်းအလုပ်သမားအဖြစ် ရောက်လာကြပြီး တစ်ခုခု ဖြစ်လိုက်ရင် သူတို့လက်ချက်ပဲ။ ကြောက်စရာ ကောင်းတယ်။ ကားတွေကိုလည်း မီးရှို့တယ်။ တရုန်းရုန်းနှင့် အားနာရကောင်းမှန်း မသိကြဘူး။ မင်းကတော့ ဒီလို မဟုတ်ပါဘူး ဂျော်ဒန်။ အခုထိ ငါတို့ရွာမှာ လိုက်လျောညီစွာ နေထိုင်နေတာပဲ"

ရွာထဲက မိန်းမများကလည်း အမေ့ကို ချီးကျူးသံနှင့် "ရှင့်သား အက်ဒ်ဒီက လူကောင်းလေးပါ။ ဘယ်သူ့ကိုမှ ဒုက္ခ မပေးဘူး။ ရိုးရိုးအေးအေးလေး။ ဒါပေမဲ့ တခြားကလေးတွေနှင့် မတူဘူးနော်။ ကောင်လေးလား၊ ကောင်မလေးလား" အမေသည် တပြုံးပြုံးနှင့် ဂုဏ်ယူရမည်လော၊ ရယ်ရမည်လော၊ ငိုရမည်လော။ ချီးမွမ်းသံသည် အဆိပ်ပြင်းသည်ဟု ဆိုရမည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# စာသင်ကျောင်း

ကိုးမိုင်ခန့်ဝေးသည့်အိမ်နှင့် အနီးဆုံးကျောင်းသို့ သွားမည်ဆိုလျှင် ဘတ်စ်ကားစီး၍ သွားရပေမည်။ ကျွန်တော့်အဖို့ နေ့စဉ် အသွားအပြန်ခရီးသည် တော်တော် ပင်ပန်းနွမ်းနယ်လှသည်။ မိုးကုတ်စက်ဝိုင်း၏ အခြေတွင် ပြင်သစ်မြောက်ပိုင်းဒေသ၏ အလုပ်သမားများ၏ အလုပ်ရုံနှင့် စာသင်ကျောင်း၏ အဆောက်အဦသည် ထူးမခြားနား။ အုတ်တိုက်နီနီနှင့် စတီးများဖြင့် တည်ဆောက်ထားသည့် အဆောက်အဦများ ဖြစ်ကြသည်။ စက်ရုံလုပ်သားများဖြစ်ကြသည့် အဖေ၊ အဘိုး၊ ဦးလေး၊ အန်တီ အပါအဝင် တခြားသူများအဖို့ နေ့စဉ်နှင့်အမျှ သူတို့ဘဝသည် ဘာတစ်ခုမှ မပြောင်းလဲ။ သူတို့သည် ကာယစွမ်းအားဖြင့် အသက်မွေးရသည့် ကာယလုပ်သားဘဝကို ခံမင်ကြသည်။ နင်းပြားဘဝ အလုပ်သမား လူတန်းစားများသည် ရွက်ကျပင်ပေါက်များကဲ့သို့။ သူတို့ နေ့စဉ်ဘဝသည် တိုးတက်ခြင်း အလျဉ်းမရှိကြသလို၊ လောဘလည်း မရှိကြ။ နီကြင်ကြင် လူနေအိမ်များနှင့် နီကြောင်ကြောင် စက်ရုံ၊ အလုပ်ရုံများမှ ထွက်လာသည့် မီးခိုးများသည်လည်း အဆက်မပြတ်၊ မီးခိုးနံ့၊ ညော်နံ့တို့ဖြင့် နေသားကျနေလေသည်။ စာသင်ကျောင်း၏ အဆောက်အဦနှင့် ဝန်းကျင်အခြေအနေသည် စက်ရုံအလုပ်ရုံ အဆောက်အဦနှင့် လူတန်းစားအခြေအနေနှင့် ဘာမှထူးမခြား။ ပုံစံတူတူလိုလို။ ထို့ကြောင့် ကျောင်းသားအရွယ် ကလေးများ၏ စာသင်ကျောင်းအပေါ်ထားသည့် တန်ဖိုး

mgyoe.com

mgyoe.com SAMPLE BOOK

သည် စိတ်ဝင်စားခြင်း နည်း၍ ကျောင်းမှ စောစောထွက်၍ အသက်မွေးဝမ်းကျောင်းဖြစ်သည့် အလုပ်ခွင်သို့ မြန်မြန်ဝင်ကြသည်။ အုတ်တိုက်နီနီကြီးများသည် ပုံသဏ္ဍာန်တူဖြစ်ကြသဖြင့် ကျောင်း၌ မပျော်မွေ့ကြသကဲ့သို့ အလုပ်ခွင်သည်လည်း မရေရာ။ သူတို့ ကြီးပြင်းရာနေရာသည် ထွေထွေထူးထူး ဘာမှမရှိ။

မည်သို့ကျောင်းတက် သင်ကြားခဲ့ရသနည်း။ ကျွန်တော့်အသက် လေးနှစ်၊ ငါးနှစ် ရောက်လာသည့် တစ်နေ့၌ အမေက ထိုအရာများကို မြင်အောင် လက်ညှိုးထိုး၍ပြခဲ့သည်။ အမေ့ဆိုလိုရင်းကို နားမလည်သဖြင့် ကလေးပီပီ စပ်စပ်စုစု သိချင်မြင်ချင် မေးချင်လာသည်။ "ဟောဒီက လူတွေလိုမျိုး၊ ဟောဒီက လမ်းကို တသွေမသိမ်းလိုက်ရင် ဟောဒီလို တလှုပ်လှုပ် ဘဝကိုသာရမယ်" လို့ အမေက ပြခဲ့သည်။ လက်ညှိုးညွှန်သူ၏ အဆုံးအမကို ကျွန်တော်က ကရားရေလွှတ် တစ်မေးတည်း မေးနေခဲ့သည်။ မီးရောင်တွေ ထိန်နေသည့်စက်ရုံကို ကြည့်ကာ လက်ညှိုး တထိုးထိုးဖြင့်-

"အမေ၊ သူတို့က ညဘက် မအိပ်ကြဘူးလား။ စက်ရုံတွေက ညဆို မရပ်ကြဘူးလားဟင်"

"ဟင့်အင်း၊ စက်ရုံတွေက နှစ်ဆယ့်လေးနာရီပတ်လုံး မရပ်မနား လည်ပတ်ကြတာ။ အဲဒါကြောင့်မို့ မင်းအဖေနှင့် မင်းအစ်ကိုကြီး ညတိုင်း စက်ရုံကို သွားကြရတယ်။ ညပိုင်း အလုပ်ဆင်းရတယ်"

"ဒါဆို အမေ၊ ကျွန်တော် ကြီးလာရင်ကော သူတို့လို စက်ရုံမှာ တစ်ညလုံး အလုပ်လုပ်ရမှာလား"

"အင်း. . ."

သည့်ထက်ကောင်းသည့်ဘဝကို ရရန် အရာအားလုံး ပြောင်းလဲခဲ့ရတော့သည်။ ကျွန်တော်သည် စာသင်ကျောင်းသို့ ခြေဦးလှည့်ခဲ့သည်။ သို့သော်ငြားလည်း ကျွန်တော်အနားမှ လူများကို လုံးလုံးနားမလည်နိုင်ခဲ့။ အဘယ်ကြောင့်ဆိုသော် စာသင်ကျောင်း၌ ကျွန်တော်သည် အနေရအထိုင်ရ ကျပ်ခဲ့သည်။ ကျောင်းသူ၊ ကျောင်းသားများအလယ် သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရသည်။ တကယ်တော့ ကျွန်တော်သည် ကျောင်းပတ်ဝန်းကျင်လောကနှင့် လုံးဝခြားနားသည့် သက်ရှိလူသားတစ်ယောက်အဖြစ် မျက်နှာငယ်နှင့် နေခဲ့ရသည်။ ပတ်ဝန်းကျင်သည် လှောင်ပြောင်ရယ်မောခြင်း၊ အားနည်းချက်ရှိသူကို ရန်ငြိုးသိုခြင်းတို့ဖြင့် အဆိပ်တက်နေခဲ့သည်။ မိန်းကလေးလို နွဲ့တဲ့တဲ့ ပျော့ချွဲချွဲအသံဖြင့် စကား ပြောဆိုဟန်၊ လိမ်ဖယ်လိမ်ဖယ်

mgyoe.com

လမ်းလျှောက်ဟန်၊ ကန္တဲ့ကလျ အမူအရာ၊ မျက်ရည်လေးတစမ်းစမ်းတို့သည် တခြားသော ကလေးများကြားတွင် လှောင်ပြောင်စရာ ဖြစ်လာခဲ့သလို၊ ကျွန်တော် ခံစားချက်တို့သည်လည်း အရေထူလာခဲ့တော့သည်။ ဤနည်းဖြင့် စာသင်ခန်းက ကျောင်းသားတစ်ယောက် ကြုံရသည့် လောကဓံနှင့် တွေ့တွေ့ဆိုင်ဆိုင် ရင်ဆိုင်လာ ခဲ့ရသည်။ ကျောင်းကစားကွင်းထဲတွင် မက်စီမမ်သည် ကျွန်တော့်အား သူငယ် ချင်းများရှေ့တွင် ပြေးခိုင်းသည်။ (မက်စီမမ်သည် ရွာတုန်းကနှင့်မတူ ခြားနားနေ သည်။) သူက-

"သူငယ်ချင်းတို့ . . . ကြည့် . . . ကြည့် . . .၊ ဒီကောင် ပြေးရင် မိန်းမ လျာလို ပြေးတာ။ တကယ့် ဂန်ဒူး၊ သိပ်ရယ်ရတာ မင်းတို့ ငါပြောတာ ဟုတ် မဟုတ် သိချင်ရင် သူ့ပြေးခိုင်းကြည့်"

မက်စီမမ်နှင့် သူငယ်ချင်းများ အားလုံးသည် တဟားဟား ရယ်မောကြ သည်။ သူသည် သိသိကြီးနှင့် ဒုက္ခပေးခဲ့သည်။ ကျွန်တော်က မပြေးဘူး ခေါင်းတခါ ခါ ငြင်းခဲ့သည်။ သို့သော် ရွေးစရာမရှိ၊ အင်အားမရှိ ဖြစ်ခဲ့ရသည်။ မက်စီမမ်က လက်သီးဆုပ် ထောင်ပြရင်း "ဟေ့ကောင် ငါ ပြောသလို လုပ်မလား၊ မလုပ်ဘူးလား။ မလုပ်ရင် မင်း. . . မျက်ခွက် စုတ်ပြတ်သတ်သွားအောင် လက်သီးနှင့် ဆွဲထိုးမယ်။ ဘာလဲ လက်သီးစာကျွေးတာ ခံချင်လို့လား။ ငါ့လက်သီးအရသာ သိသွားအောင် မြည်းကြည့်မလား" ဟူ၍ ကြိမ်းမောင်းသည်။ လိမ်ဖယ် လိမ်ဖယ်နှင့် ပြေးပြခဲ့ရ သည်။ အရှက်တကွဲ အကျိုးနည်းဖွယ်ရာ ဖြစ်ရပ်မို့ မျက်ရည်ပေါက်ပေါက် ကျခဲ့ရ ၏။ သူတို့က ပျော်မဆုံး တပြုံးပြုံးနှင့်။ ကျွန်တော့်အပေါ် ဘာကြောင့် မျက်စိစပါး မွေး စူးကာ သောက်မြင်ကတ်နေကြသနည်း။

ထိုအချိန်မှ အစပြု၍ ကျောင်းကစားကွင်း၌ တခြားသော ကျောင်းသား များနှင့် သူငယ်ချင်း ဖြစ်လိုစိတ်ဖြင့် နေ့တိုင်းကြိုးစားခဲ့သည်။ သူငယ်ချင်း ဖြစ်လို ဖြစ်ငြား ကြိုးစားချက်မှန်သမျှလည်း သဲထဲရေသွန်ချည်းသာ ဖြစ်ရသည်။ သူတို့ သည် ကျွန်တော်နှင့် ထွေရာလေးပါးစကား မပြောလိုကြ၊ အပေါင်းအသင်း မဖြစ်လို ကြ၊ အဖတ်မတန်သလို လုပ်ကြသည်။ အခြောက်တစ်ယောက်နှင့် သူငယ်ချင်း ဖြစ်ရခြင်းသည် ဆိုးရွားလှသည်ဟု ထင်ကြသည်။

သို့သော် တစ်ခုတော့ ရှိသည်။ စိတ်ပျက်ညစ်ညူးဖွယ်ကောင်းလှသည့် ကစားကွင်းကို ကြည့်၍ ထိုနေရာမှ လွတ်ကင်းရာ နေရာတစ်ခု ရှိလေမလား ဟု တွေးတောမိသည်။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အနီးနားရှိ လူများက လျစ်လျူရှု

mgyoe.com

mgyoe.com SAMPLE BOOK

ထားကြ၏။ ကျွန်တော်နှင့် မည်သူမှ သဟဇာတ မဖြစ်။ ကျွန်တော်၏ ဖြစ်ရပ်ကို တခြားသူတို့ မမြင်နိုင်မည့်နေရာ၊ ကျွန်တော်လမ်းလျှောက်လျှင် လိုက်ကြည့်ကြသည့် မျက်လုံးများနှင့် ဝေးသည့်နေရာကို ရှာဖွေနေမိသည်။ တစ်ခုခုလုပ်လျှင် ဖြစ်စေ၊ တစ်နေရာရာသို့ သွားလျှင်ဖြစ်စေ၊ အဖော်မပါ တစ်ယောက်တည်းသာ ဖြစ်ခဲ့သည်။ ကျွန်တော်သည် တစ်စုံတစ်ယောက်နှင့် မည်သို့မှ လိုက်လျောညီထွေ နေထိုင်ရန် မဖြစ်နိုင်မှန်း သိလာသည့်အခါ ရှောင်ဖယ်ဖယ် နေတတ်လာခဲ့သည်။ တွယ်ရာမဲ့ ဘဝနှင့် အမြဲတမ်း ထိတ်လန့်ကြောက်ရွံ့နေခဲ့ရသဖြင့် ကျွန်တော့်ခြေလှမ်းတို့ နောက်ဆုတ်ခဲ့ရသည်။ ကျောင်းကစားကွင်းကို ကျောခိုင်းခဲ့သည်။ မိမိဖြစ်တည်နေသည့် ဘဝကလေးကို တည်မြဲဖို့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဘဝနှင့် တစ်ယောက်တည်း ရပ်တည်ခဲ့ရသည်။

ကျောင်းသားကျောင်းသူ အချင်းချင်းကြား ဆက်ဆံရေးတွင် သိမ်ငယ်စိတ် ဝင်ခဲ့ရသည်။ ကျွန်တော်၏ မွေးရာပါ ချွတ်ယွင်းချက်ကြောင့် လူတွေက ဆေးဖော်ကြောဖက် မလုပ်ချင်ကြဘူး။ တစ်ယောက်တည်း စကားပြောဖော် ပြောဖက်မရှိဘဲ နေလာရင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ မချမ်းမြေ့ခြင်း၏နောက်၌ ကျွန်တော်သည် တသီးတသန့် ဖြစ်နေသည့်နေရာလေးကို ရှာတွေ့ခဲ့သည်။ ထိုနေရာသည် စာကြည့်တိုက်သို့သွားရာ စင်္ကြံလမ်းကလေး ဖြစ်သည်။ လူပြတ်၏။ထွေထွေထူးထူးကိစ္စများ မရှိသည့်နေ့တိုင်းလိုလို ထိုနေရာလေးသည် ပုန်းခိုရာဖြစ်လာသည်။ တစ်ယောက်တည်းဟူသော အသိဖြင့် ထိုနေရာကို ရှာတွေ့သော်လည်း ကြောက်နေမိသည်။ စိတ်ထဲက အကြောက်တရားကို ဖျောက်ပစ်နိုင်ရန် တစ်ခုခုကို ရှာဖွေနေသလိုလို၊ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသလိုလို၊ သားရေလွယ်အိတ်ထဲက တစ်ခုခုကို နှိုက်နေသလိုလို ပြုမူနေမိသည်။ ဖြတ်သွား ဖြတ်လာ တစ်ယောက်ယောက်က မြင်သွားသည်ရှိသော် သူတို့စိတ်ထဲတွင် ကျွန်တော် အလုပ်ရှုပ်နေယောင်ယောင်။ တခြားသူများနှင့် လိုက်လျောညီထွေခြင်း မရှိဘဲ၊ ထွက်ပြေးတိမ်းရှောင်နေခဲ့သော်လည်း ဘေးကင်းလုံခြုံခြင်း မရှိခဲ့။ ကျွန်တော် ဖြစ်စေချင်သကဲ့သို့ ဖြစ်မလာခဲ့။ ဆုတောင်း မပြည့်ခဲ့။

ထိုကောင်လေးနှစ်ယောက် ဟန်တစ်လုံးပန်တစ်လုံးဖြင့် ကျောင်းစင်္ကြံလမ်းလေးထဲသို့ ရောက်ရှိလာခိုက်၊ တစ်ယောက်တည်း ပုန်းခိုနေသည့် ကျွန်တော်နှင့် ပက်ပင်းသွား၍ တိုးခြင်းဖြစ်သည်။ တစ်ယောက်က နီကြင်ကြင်ဆံပင်နှင့် အရပ်ရှည်ရှည်ဖြစ်ပြီး တစ်ယောက်က ဆံပင်ကောက်ကောက် သေးကွေးကာ ခါးပုဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အရပ် မြင့်မြင့်ကောင်လေးက ကျွန်တော့်မျက်နှာပေါ် သို့ ထွီခနဲ တံတွေး ထွေးချလိုက်သည်။

"ဟော့ကောင် စောက်ခြောက်၊ ဘယ်နှယ့်လဲ။ ကြိုက်တယ် မဟုတ်လား"

သူတို့၏အမေးအတွက် မည်သို့ဖြေရမည် ကျွန်တော် မသိခဲ့။ ကျွန်တော့် ရုပ်ရည်သည် သူတစ်ပါးက အနိုင်ကျင့်စရာ ရုပ်လက္ခဏာ ပါရှိလာခဲ့သည်လော။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဝေဒနာ

ဟော. . . သူတို့လာကြပြန်ပြီ။ စကြံလမ်းလေးထဲသို့ အချိန်မှန်ရောက်လာတတ်ကာ နေ့စဉ် နေ့တိုင်း ကျွန်တော့်အလာကို စောင့်နေကြသည်။ ကျွန်တော်သည် နေ့တိုင်းလိုလို ထိုနေရာသို့ ပြန်လာတတ်သည်။ မည်သည့် စကားအသွားအလာမျှ မရှိသော်ငြား၊ တစ်ဖက်နှင့် တစ်ယောက် အချိန်းအချက် ပြုထားသည့်နှယ်။ ကျွန်တော်သည် သူတို့နှင့်မျက်နှာချင်းမဆိုင်။ မော့၍ပင် မကြည့်ရဲ။ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ခြင်းများစွာဖြင့် စကြံလမ်းလေးဆီသို့ အချိန်မှန် ရောက်လာစမြဲ။ စကြံလမ်း၏ အဖြူရောင်ဆေးသားများသည် ကွာကျကာ စက်ရုံ အလုပ်ရုံသန့်ရှင်းရေး လုပ်သားတို့၏ အနံ့မျိုးရနေသည်။ ဆေးရုံနှင့် မြို့နံရံများမှ ရသည့်အနံ့ကဲ့သို့။

မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်တော်တို့အဖြစ်ကို မသိ၊ မမြင်ကြသဖြင့် စိတ်ကူးတစ်ခု ရှိခဲ့သည်။ လူမြင်ကွင်းဖြစ်သည့် အားကစားကွင်း၏ အများသူငှာရှေ့တွင် ထိုးကြိတ်ရိုက်နှက်ခံရခြင်း၊ နိုင်လိုမင်းထက် ဆက်ဆံခံရခြင်းတို့မှ ရှောင်ရှားနိုင်သည်ဟူ၍။ တခြားကလေးများ၏အတွေးထဲတွင် "ကြားကြပလား။ ဘယ်သူက အက်ဒ်ဒီကို ရိုက်လိုက်ပြန်ပြီ" စသည်တို့ကို ကာကွယ်ပြီးသား ဖြစ်သွားသည်။ ထို့ကြောင့် ထိုနေရာ၌ပင် တဖဝါးမရွေ့ အရိုက်ခံရန် ကျွန်တော် ပြန်လာနေရခြင်း ဖြစ်သည်။ "အက်ဒ်ဒီဘယ်လ်ကဲလ်က ဂန့်ဒူး၊ အဲဒါကြောင့် သူ့ကို ပယ်မှုယ်

mgyoe.com

mgyoe.com
SAMPLE BOOK

နယ်နယ် ရိုက်ကြတာပေါ့။ ယောက်ျားလေး အချင်းချင်း ပညာပေးတာ၊ သူက အခြောက်မို့ သူများ နှိပ်စက်တာကို ငြိမ်ခံနေရတာ" စသည်ဖြင့် သူတို့ ပြောကြပါစေ။ တစ်ကျောင်းတည်း တက်ကြသည့် ကျောင်းသားအချင်းချင်း တစ်ယောက်မှ အခြား တစ်ယောက်အား စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ နိုင်တက်စီးနင်း ကိုယ်ထိ လက် ရောက်စော်ကားခြင်း၊ ရိုက်နှက်ခြင်း၊ ဆိုးဝါးစွာ ထုရိုက်ခြင်းသည် အကြမ်းဖက် ခြင်း မည်၏။ ထိုသို့သော ထိတ်လန့် ကြောက်လန့်ဖွယ် အကြမ်းဖက်ခြင်းများကို တခြားသော ကျောင်းသားကျောင်းသူတို့ မမြင်စေနိုင်ရန် ကျွန်တော်ကိုယ် ကျွန်တော် ကာကွယ်နိုင်ရမည်။ ဘယ်လောက်ပဲ မွန်းကြပ်နေပါစေ။ ပျော်ရွှင်နေသည့် အခြား ကလေးများကဲ့သို့ ကျွန်တော်သည်လည်း ကျောင်းပျော်လေးတစ်ယောက်လို နေနိုင် ရမည်။ အိန္ဒြေမပျက် ငြိမ်ငြိမ်ကလေးနေလျက်။ သို့သော် တဖြည်းဖြည်း လုံးပါးပါး လျက်။ တနည်းအားဖြင့် နိုင်ထက်စီးနင်း အကြမ်းဖက်ခံရခြင်းတွင် ကျွန်တော် ကိုယ်တိုင် ကြံ့ရာပါ ဖြစ်နေခြင်းလော။ ထိုသို့ ပူးပေါင်း ကြံစည်ရသည်အထိ ဖြစ်ရ ခြင်း၏ ကိုယ့်အပြစ်ကို ပြန်၍တွေးမိသည်။ (အကြိမ်ပေါင်းများစွာ ကိုယ့်ကိုယ်ကိုယ် ပြန်လည် မေးခွန်းထုတ်နေခဲ့သည်။ နှစ်ပေါင်းများစွာ ကြာပြီးသည့်နောက်တွင် ကြံ့ရာပါဆိုသည့် အတွေးထက် ပို၍ လွတ်လပ်ခွင့် ဟူသော စကားလုံးကို တွေးမိ လာခဲ့သည်။ အများသူငှာရှေ့ နှိပ်စက်ခံရခြင်းမှ လွတ်ရန်၊ လူမသိ သူမသိ ခံစားရ သည့် အကြောက်တရားမှ လွတ်ရာ၊ တခြားသူများ၏လျစ်လျူရှုခြင်း၊ ဂရုစိုက် မခံ ရခြင်းမှ လွတ်ကြောင်း၊ မသိဆိုးဝါး နိုင်လှသည့် ပတ်ဝန်းကျင်မှ လွတ်မြောက်ရာ လမ်းအဖြစ် ကိုယ်တိုင်ပါဝင်၍ ကိုယ်ဖြစ်စေချင်သလို လုပ်ခဲ့ခြင်းလော။ ကြောက် စိတ်ဖြစ်ပေါ် လျက်က တစ်စုံတစ်ရာသော ကိစ္စကို ဟန်မပျက် ရင်ဆိုင်ခဲ့ခြင်းသည် လည်း တစ်ကိုယ်ရေ အောင်ပွဲခံခြင်းလော။)

ကျွန်တော်သည် သူတို့လာနေသည့် အသံဗလံများကို နားစွင့်နေသူ ကဲ့သို့။ ခွေးတွေက လူပေါင်းထောင်ပေါင်းများစွာထဲကမှ သခင်၏အနံ့ကို မှတ်မိ ကြသလိုမျိုး ကျွန်တော်သည်လည်း အဝေးမှလာနေသည့် သူတို့ခြေသံကို ကြား နေရသည်။

သူတို့သည် တိရစ္ဆာန်တစ်ကောင်ကို ပြုမူသည့်အလား အုတ်နံရံနှင့် ကျွန်တော့်ခေါင်းကို တဝုန်းဝုန်း ထုကြဆောင့်ကြသဖြင့် နားရွက်နှစ်ဖက်စလုံးသည် အူ၍ နားစည်မှ တရှိန်ရှိန် မြည်နေသည်။ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံး ဟန်ချက် မပျက်အောင် ကြိုးစားနေရသည်။ အရိုက်ခံရပြီးနောက် ရက်ပေါင်းအတန်ကြာသည်

mgyoe.com

mgyoe.com SAMPLE BOOK

အထိ ထိုးကြ ကြိတ်ကြသည့်ဒဏ်ကြောင့် ခေါင်းကိုက် ဝေဒနာကို ခံစားခဲ့ရသည်။ ဒေါင်ချာစိုင်းအောင် မူးနောက်နေသည်။ ခေါင်းကိုက်ခေါင်းနာ ဝေဒနာသည် မခံစားနိုင်အောင် ဆိုးဝါးလှသည်။ သူတို့၏ ဆိုးဝါးစွာ နှောင့်ယှက်ခြင်း၊ ရိုက်နှက်ခြင်းနှင့် ကြောက်မက်ဖွယ် ရန်ပြုခြင်းတို့သည် ကြီးမားသော ပြစ်မှုများဖြစ်ကြသော်လည်း မည်သို့မျှ အရေးယူနိုင်စွမ်း မရှိခဲ့။ ကျွန်တော့်စိတ်ထဲမှ ဒီလို ဒုက္ခခံနေရမယ့်အတူတူ သေသွားတာက ကောင်းဦးမယ်ဟု တွေးမိသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အသက်တိုမယ့်ကိန်း ဆိုက်တော့မည်။ အတွေးထဲတွင် ကျွန်တော်သည် ဦးနှောက်တွင် အကြိတ်ဖုကြီးများထွက်သည့် ရောဂါဖြင့် သေလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ (အဘယ်ကြောင့် ထိုသို့ ထင်မှတ်ခဲ့ရသနည်းဆိုသော် ရွာထဲကမိန်းမတစ်ယောက်သည် ဦးနှောက်ကင်ဆာဖြင့် တဖြည်းဖြည်း ကျုံလှီလာကာ ဆံပင်များကျွတ်၍ ကတုံး ဖြစ်သွားသည်ကို မြင်ဖူးခဲ့သည်။ ခင်ပွန်းသည်၏အကူညီဖြင့် လက်တွန်းလှည်းပေါ် နေရသည့် အခြေအနေပြီးသည့်နောက် စကားလည်း မပြောနိုင်တော့ပေ။) ထိုအမျိုးသမီး ကွယ်လွန်သွားသည့် ဆောင်းတွင်းကာလတွင် အသက် ၁၀ နှစ်ရှိနေပြီဖြစ်သည့် ကျွန်တော်သည် စာသင်ကျောင်းသို့ ကျောင်းသားသစ်အဖြစ် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။)

သူတို့နှစ်ယောက်သည် "အခြောက်၊ ဂျီပုန်း၊ ဂန်ဒူး၊ မိန်းမလျာ" ဆိုသည့် စကားလုံးများကို သီချင်းလို လုပ်ဆိုကာ အပျော်သဘောနှင့် စနောက်၍ လှောင်ပြောင်သရော်ကြ၏။ နှိမ့်ချ၍ ခွဲခြား ဆက်ဆံခြင်းဖြင့် ဆံပင်များကို ဆောင့်ဆွဲကြသည်။ သူတို့၏လက်ထဲတွင် ကျွန်တော်၏ ရွှေအိုရောင်ဆံပင်များက အထွေးလိုက်။ သူတို့၏ ခေါ်သံသည် ရက်စက်လွန်းသည်။ ရုပ်ဝတ္ထု မဟုတ်သည့် ကျွန်တော့်စိတ်ခံစားချက်ကို သူတို့ လုံးလုံး မသိကြ။ ထို့ကြောင့် ကျွန်တော်သည် သူတို့အသံကြားရသည်နှင့် ကျောချမ်းလာတတ်သလို၊ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်လာသည်အထိ အကြောက်ကြီးခဲ့သည်။ ကြောက်လွန်းသဖြင့် မျက်ရည်ပေါက်ကြီးငယ်ဖြင့် ပါးစပ်မှ တတွတ်တွတ်ဖြင့် တောင်းပန် တိုးလျှိုးခယသော်ငြား၊ သူတို့၏ဒေါသများသည် ကျွန်တော့်အပေါ် သို့ အရှိန်ပြင်းစွာဖြင့် တောက်လောင်နေမြဲ။ ကျွန်တော်၏ ငိုကြွေးသံကို ကြားရလေလေ၊ သူတို့၏ ဒေါသတို့သည်လည်း တဝေဝေ ဆူကျလာလေလေ။ ကျွန်တော် ဝေဒနာသည် သူတို့အတွက် ပျော်စရာ။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနာကျင်မှုများ ဖြစ်အောင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည့် သူတို့၏ အပြုအမူတို့သည် အကြမ်းဖက်ခြင်း မဟုတ်ပါလော။

mgyoe.com

mgyoe.com

ကျွန်တော်သည် မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်စွမ်း မရှိခဲ့။

နောက်ဆုံး၌ ကျွန်တော်သည် ဝေဒနာအကြောင်းကို တွေးတောနေမိတော့သည်။ လူတိုင်းသည် ဝေဒနာကြီးငယ်တို့ဖြင့် သေသည့်တိုင်အောင် ခံစားကြရသည်ကို သိမြင်လာခဲ့သည်။ ထို့ပြင် ဒုစရိုက်၊ သုစရိုက်အကြောင်းကို နားလည်သဘောပေါက်လာခဲ့သည်။ ကုသိုလ်က ကုသိုလ်ကို တိုးပွားသလို၊ အကုသိုလ်ကလည်း အကုသိုလ် အကျိုးပေးသန့်သည်ကို ဆင်ခြင်တွေးတောမိလာခဲ့သည်။ ကျွန်တော်၏ လူ့ဘဝဒုက္ခဝေဒနာသည် သေရာပါ စွဲထင်နေပြီ။ စိတ်ဒဏ်ရာသည် ကြီးမားခဲ့သည်။ ဝေဒနာအကြောင်း တွေးမိသည်နှင့် ကျွန်တော်တို့ရွာကလေးရှိ အလုပ်ကြမ်းသမားများသည် နောက်ကျော ကိုက်ခဲခြင်းဝေဒနာကို ခံစားနေကြရသူများဖြစ်ကြသည်။ အလုပ်ကြမ်းဒဏ်ကြောင့် ကိုက်ခဲနာကျင်ခြင်းသည် ကျောရိုးမှသည် အပေါ်ပိုင်းလက်များအထိ ရောက်တတ်သည်။ ကျွန်တော် မှတ်မိပါသေးသည်။ အဖေသည် နောက်ကျောအောင့်ခြင်း၊ နာကျင်ခြင်းများကြောင့် အိပ်ရာထက်တွင် တစ်ညလုံးလိုလို ညည်းညူနေတတ်သလို၊ လူးလွန့်လိုက်တိုင်း ခုတင်မှ တကျွီကျွီမြည်နေသည့်အသံကို တစ်ဖက်ခန်းရှိ ကျွန်တော်တို့က အတိုင်းသား ကြားနေရသည်။ ဆရာဝန်က သက်သာစေရန် ဆေးဝါးများ ပေးသော်၊ အမေသည် စိုးရိမ်ပူပန်ခြင်းများစွာဖြင့် "ဆရာဝန်ကို ဆေးဖိုးနှင့် ခြေကြွခပေးဖို့ ပိုက်ဆံ ဘယ်ကသွားရှာရမလဲ" ဟု သူ့ဘာသာ တစ်ယောက်တည်းပြောနေပြန်သည်။ မျိုးရိုးအလိုက် စက်ရုံ အလုပ်ရုံပေါ်တွင် မှီခိုအားထားခဲ့ကြသည်။ ရောဂါသည် လုပ်ရိုးလုပ်စဉ် အသက်မွေးဝမ်းကြောင်းကြောင့် ဖြစ်ရသည်ဟု သဘောပေါက်သည်။ "ဒါက မျိုးရိုးလိုက်တဲ့ ရောဂါ၊ ငတ်တလှည့် ပြတ်တလှည့် အလုပ်ကြမ်းသမား မိသားစုရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာတစ်ခုပဲ။ တကတည်း အကြမ်းသမားလို တကုန်းကုန်း အလုပ်လုပ်ရတော့ သေလောက်အောင် ဒဏ်ခံရတာပေါ့။ စက်ရုံမှာ အလုပ်လုပ်တာဟာ အမှားဆုံးပဲ" အမေသည် စက်ရုံကြောင့် အဖေ အခုလို အလုပ်ဒဏ်ပိခြင်းဖြစ်သည်ဟု အကျိုးအကြောင်း ဘာတစ်ခုမှ တွေးတောမနေဘဲ စက်ရုံက မီးထိန်ထိန်လင်းလေလေ၊ အလုပ်သမားများ၏ အသွေးအသားကို စုပ်ယူနေသည့် ဘီလူးကြီးနှင့် တူလေလေဟု ထင်ရာမြင်ရာ ပြောတော့သည်။

စတိုးဆိုင်များ၌ အလုပ်လုပ်ကြသည့် ငွေသိမ်းကောင်တာမှ အမျိုးသမီးငယ်လေးများသည်လည်း နေကုန် နေခန်း အလုပ်လုပ်ကြရသည်။ တစ်နေကုန် မတ်တတ်ရပ်ကာ နေကြရပြီး လက်များက အဆက်မပြတ် လှုပ်ရှားနေရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ကြောင့် သူတို့တကိုယ်လုံးသည် နာကျင်ကိုက်ခဲနေတတ်ကြသည်။ ထို့ပြင်အိမ်ဖာဟီရ အလုပ်များသည်လည်း တစ်နေကုန်မို့ နားရသည် မရှိ။ ပင်ပန်းဆင်းရဲလွန်းလှ၏။ သို့သော် သူတို့သည်လည်း ကမ္ဘာလောက၏ အင်မတန်လှပသည့် စကားလုံးတစ်လုံးဖြစ်သည့် "ခေတ်လူငယ်များ"ပေမို့ စနေ၊တနင်္ဂနွေနေ့များတွင် အပြင်သို့ထွက်လည်၍ ပျော်နိုင်ပါးနိုင်ပါသေးသည်။ လူငယ်ဘာဝ သူတို့ဘဝ၊ သူတို့ ခံစားချက်များသည်လည်း ချစ်စဖွယ်ကောင်းကြသည်။ ရွာထဲမှ ဖြစ်စေ၊ အနီးနား ရွာများမှဖြစ်စေ၊ အချိန်တန် အရွယ်ရောက်လာကြသည့် မိန်းကလေးတော်တော်များများ၏လုပ်ရိုးလုပ်စဉ်အတိုင်း၊ တစ်ဝမ်းကွဲ အစ်မများထဲက တစ်ယောက်၏ ရည်မှန်းချက်သည် သူ့အသက်နှစ်ဆယ့်ငါးနှစ် ရောက်လျှင် အရောင်းကောင်တာတွင် အလုပ်လုပ်ခွင့်ရရေးဟု ပြောခဲ့သည်။ သူတို့ ဘဝတက်လမ်းသည် စမ်းတဝါးဝါး။ အစ်မဝမ်းကွဲသည်လည်း ဟောင်းနွမ်းနေသည့် စိတ်ကူးစိတ်သန်းများမှ ထွက်နိုင်ပုံမပေါ်။ သူတို့၏အဆင်မပြေသောဘဝများတွင် "ဒီ အလုပ်မှ မလုပ်ရရင် ငါ က ဘာလုပ်လို့ရမှာလဲ။ ဒါပဲ လုပ်ရမှာပေါ့" ဟု တွေးတတ်ကြသည်။ တကယ့်ကို ရွေးစရာကားမရှိ။ အစ်မဝမ်းကွဲသည် လိမ္မာရေးခြားရှိသည့်အပြင်၊ ကံကောင်းထောက်မစွာဖြင့် သူလိုချင်သည့် အလုပ်ကို လုပ်ခွင့်ရခဲ့သည်။ သူသည် မထော်မတရား လုပ်တတ်သူမဟုတ်။ တာဝန် ကျေပွန်သည့် ဝန်ထမ်းကောင်းပီသစွာဖြင့် မပျင်းမရိ အလုပ်လုပ်သူလည်း ဖြစ်သည်။ "ငါ မပျော်ဘူးလို့တော့ မပြောနိုင်ဘူး။ ငါနှင့်ရွယ်တူတွေကဒီအလုပ်ပဲ လုပ်ကြတော့ ငါကရော သူတို့နှင့် ဘာများကွာလို့လဲ။ ဘယ်သူမှ ချမ်းသာကြတာ မဟုတ်ဘူး၊ အားလုံးက ငမွဲတွေချည်းပဲ။ ဒီတော့ ဘဝမှာ လူရယ်လို့ဖြစ်လာရင် အသက်ရှင်ဖို့ အလုပ်တစ်ခုတော့ ရှိရမယ်။ ငါ အလုပ်မှာ အပျင်းမထူဘူး၊ အချိန်မှန်သွားတယ်၊ အလုပ်ရှိနေမှ ဘဝက နေပျော်တယ်။ ဒီတော့ မပျော်လည်းလုပ်၊ ပျော်လည်းလုပ်ပေါ့" သို့သော် ညနေတိုင်းတွင် သူသည် နာကျင်ကိုက်ခဲနေသည့် လက်အဆစ်လေးများကို ရေနွေးခွက်လေးထဲတွင် စိမ်ကာသက်သာလိုပြား ကုစားနေခဲ့သည်။ အရောင်းစာရေး ငွေကောင်တာမှ အလုပ်သမတစ်ယောက်၏လက်များသည် လူတစ်ယောက်လို လှုပ်ရှားရှင်သန်နေသော်လည်းညချမ်းချိန်ခါများတွင် ဝေဒနာသည် အချိန်မှန် ရောက်လာ၏။ လက်များသာမကခန္ဓာကိုယ်တစ်ခုလုံးသည်လည်း အေးလွန်းသည့်ရာသီများတွင် ကိုက်ခဲနာကျင်နေတတ်သည်။ "ငါ့တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုပဲ နာလိုက်တာ" ဟု ညည်းနေတတ်သည်။ သူ့ကို ကြည့်၍ သူ့ဘဝကို သနားလှသဖြင့် စိတ်မကောင်းဖြစ်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နာကျင်ခြင်းဝေဒနာသည် ကျွန်တော်တစ်ယောက်တည်း ခံစားရသည် မဟုတ်ပါလား။ "မင်းဒုက္ခမှ ဒုက္ခ မထင်နှင့်။ လူတိုင်းမှာ ဝေဒနာ ကိုယ်စီနှင့်" ဟု ဆိုကာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ခဲ့သည်။ ပြဿနာသည် လူတိုင်းမှာရှိသည်။ သို့သော် မျှော်လင့်ခြင်းအလင်းတို့သည် မှုန်ပြပြသာ။

ဆံပင်နီကြင်ကြင်၊ လန်ဗားကောင်လေးနှင့် ပုပုကွကွ ကောင်လေးတို့သည် ကျွန်တော့်အပေါ် စိတ်တိုင်းကျ အလဲထိုးပြီးသည့်နောက် ရုတ်တရက် ဆိုသလို တခြားအကြောင်းတစ်ခုကိုပြောရင်း ထွက်ခွာသွားကြသည်။ နေ့စဉ်နေ့တိုင်း၌ ကျွန်တော်သည် နာကျင်မှုဝေဒနာကို အသေးစိတ် သတိထား၍ ကြည့်ရှုခဲ့သည်။ သူတို့က ကျွန်တော့်ကို နာကျင်စေခြင်းထက်ပို၍ ဝေဒနာကို ရှုမှတ်နိုင်ခဲ့သည်။ ဝေဒနာကို ရှုမှတ်ရသည်ကို နှစ်သက်လာသည်။ ထိုအချိန်မှ စတင်၍ကျွန်တော်၏အသိတရားတို့သည် နိုးကြားလာခဲ့ပြီဟု ဆိုနိုင်သည်။ ကိုယ့်စိတ် ကိုယ်မွေး၊ ကိုယ့်ဘာသာကိုယ် အားပေးခဲ့သည်။ ထို့ကြောင့် သူတို့၏နှိပ်စက်နိုင်သည့် စွမ်းအားက အားကောင်း၍ နာကျင်စေလေလေ၊ ကျွန်တော့်ခန္ဓာကို ကျွန်တော် ကြည့်မိလေလေ။ ခန္ဓာမှ ဝေဒနာကို ရှုနိုင်လေလေ၊ ကျွန်တော့်ကိုယ် ကျွန်တော် မေ့နိုင်လေလေ။ လောကဓံကို ခံနိုင်ရည် ရှိလာခဲ့လေပြီ။ အနာဂတ်ခရီးလမ်း ရင်ဆိုင်ဖို့အသင့်ဖြစ်နေတော့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ယောကျ်ားဟူသည်

ကျွန်တော်သည် အနှီကောင်လေးနှစ်ယောက်၏ မိမဆုံးမ၊ ဖမဆုံးမ အမူအကျင့်ကို လုံးဝ နားမလည်။ သို့သော် ရွာမှယောကျ်ားတို့သည် မိမဆုံးမ၊ ဖမဆုံးမ စကားလုံးသည် ဘာကိုဆိုလိုမှန်း သိကြလိမ့်မည်မဟုတ်။ ယောကျ်ားတစ်ယောက်၏ ကြမ်းတမ်းခက်ထန်သည့် အမူအကျင့် အပြောအဆိုတို့သည် သဘာဝတရားကြီး၏ စေ့ဆော်မှုအတိုင်း ၊ ယောကျ်ားဖြစ်လာသည့် ကံကြမ္မာအလိုအတိုင်း။ ယောကျ်ားက ယောကျ်ားပီပီ၊ လူကြမ်း စိတ်ကြမ်းဖြစ်ခြင်းက သဘာဝ အရှိတရား။ ယောကျ်ားတစ်ယောက် ဖြစ်လာမှတော့ ကြမ်းကြမ်းရမ်းရမ်း ဖြစ်ပေးရမှာပေါ့၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့ နုစရာ ဘာလိုလို့လဲ။ "ဓားတွေကို ရင်ဆိုင်မယ့် ယောကျ်ား၊ ကိုးတောင်ဝတ်ကျား၊ လှောင်ချိုင့်တံခါးတွေ ရိုက်ချိုးပစ်မယ့် ယောကျ်ားကွ" ဟု အားရပါးရ ပြောပေလိမ့်မည်။

ရွာထဲက ယောကျ်ားများကဲ့သို့ အဖေသည်လည်း သူရာကြိုက်သည့် သေမထူးနေမထူး လူကြမ်းကြီး ဖြစ်သည်။ စက်ရုံမီးခိုးများနှင့်အတူ မသေရုံထမင်းတနပ် ရှာစားရသူ။ အမေသည် ရွာထဲက မိန်းမတစ်ယောက်၏ စိတ်နေစိတ်ထားအတိုင်း လင်ယောကျ်ား၏ နိုင်ထက်ကလူ ညှဉ်းပန်းငြူစူခြင်းကို ပွစိပွစိပြောကာ မကျေနပ်သူ ဖြစ်သည်။ "လင်နှင့်မယား လျှာနှင့်သွား" စကားပုံအတိုင်း အဖေနှင့် အမေသည် ရန်တကျက်ကျက်။ အဖေသည် အရက်တစ်ခွက်၊ ပါးစပ်ထဲ ဝင်သွား

mgyoe.com

သည်နှင့် အမူအရာတို့သည် ပြောင်းလဲသွားတော့သည်။ သွေးထွက်သံယိုရန်ပွဲများနှင့်အတူ ဖောသွပ်နေသည့် မျက်နှာကြီးသည် မျက်ထောင့်နီကြီးနှင့် မကျေမနပ်ရှုတည်တည်။ ထိုအကျင့်ကို အမေက လုံးလုံးမကြိုက်။

"မင်း အဖေ . . . မူးလာရင် ဘယ်သူက ရိုက်လိုက်လို့ ဘာဖြစ်လာဦးမလဲ ဆိုပြီး ရင်တမမ ဖြစ်နေတာတွေ မင်းတို့ကလေးတွေက နားလည်မှာ မဟုတ်ဘူး။ လူတကာရိုက်လို့ သူ့မျက်နှာမှာ ချိုပေါက် ထွက်တော့မတတ် ဘုသီးတွေဖြစ်နေပြီ။ လူနှင့် မတူတော့ဘူး။ ကြွံတစ်ကောင် ဖြစ်နေပြီ။ အဲဒါလဲ မမှတ်သေးဘူး။ နောက်ပြီး မူးလာရင် အရူးလိုပဲ။ သူ့တစ်ကိုယ်လုံး ကာမဘီလူး စီးလာတာ။ သူလုပ်သမျှ ငါ အသံ မထွက်ရဲဘူး။ လူလို မကျင့်ဘူး။ ငါလည်း စိတ်ရောလူပါ ဖွတ်ဖွတ်ညက်ညက် ကြေနေပါပြီ။ လူရုပ်တောင် မပေါ်တော့ဘူး။ ငါ မင်းကို အခုလိုရင်ဖွင့် ပြောပြရတာ ကျေနပ်လိုက်တာ။ အေး. . . အဲဒီလို အဟိတ်တိရစ္ဆာန်စိတ်၊ စောက်ကျင့်မကောင်းတဲ့ တဏှာကောင်ကြီးနားမှာ ငါ ဘာကြောင့် ဒီနေ့ထိ အတူတူနေနေရသလဲ သိလား။ အဲဒါ မင်းလို သားမျိုးကို ငါ မွေးလာမိလို့ပဲ။ မင်းကြောင့်ပဲ သူက ငါ့ကို ဘယ်တော့မှ အလွတ်ပေးမှာ မဟုတ်ဘူး"

အမေက ထိုသို့ပြောလေတိုင်း ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် သတိမရနိုင်လောက်အောင် အမေ့ကိုသာ သနားနေမိတော့သည်။ အမေသည် အရက်မူးယစ်သောက်စားပြီး အကြမ်းဖက်သော ယောကျ်ားလက်မှ မလွတ်မြောက်နိုင်ခဲ့။ ဆင်ခြေဖုံးရပ်ကွက်အတွင်းမှာ နေထိုင်ကြသည့် ပျံကျလုပ်သား လက်လုပ်လက်စားယောကျ်ားများ၏ မိန်းမများအဖို့ အကြမ်းဖက်ခြင်းဆိုသည်မှာ သူတို့ အိမ်ထောင်ဖက်များ၏လက်ခုပ်အတွင်း နေ့စဉ် ကြုံတွေ့နေကြရသည့် ဖြစ်ရပ်တစ်ခု။ လင်ယောကျ်ား၏ အိမ်တွင်းအကြမ်းဖက်ခြင်းများကို နေ့စဉ် ရင်ဆိုင်ကြရသည်။ အခါကြီးရက်ကြီး၌ ကျွန်တော်တို့အိမ်သည် ပြဿနာရှိမြဲ။ ခရစ္စမတ်အကြိုနေ့လိုနေ့ထူးနေ့မြတ်မျိုး၌ အဖေနှင့် ညီလေးသည် မကျေမချမ်း ဖြစ်နေတတ်ကြသည်။ ခရစ္စမတ်သည် ပျော်စရာမကောင်း၊ စိတ်ပျက်စရာဖြစ်မြဲ။ သူတို့သည် တီဗွီကြည့်ခိုက်၊ ချန်နယ်အစီအစဉ် အပြောင်းအလဲကြောင့် ပြဿနာဖြစ်ကြသည်။ ထိုအခါမျိုး၌ သွေးဆိုးသည့် အဖေ၏ဒေါသသည် ယမ်းပုံ မီးကျသည့်နှယ်။ အဖေသည် လူမိုက်လိုလို ဘာလိုလိုနှင့် မလှုပ်မယှက် မတ်တတ်ရပ်နေပြီး လက်သီးတပြင်ပြင်။ ငါလိုလူဇမ္ဗူမှာ ရှိသေးသလားဆိုပြီး သွေးနားထင်ရောက်ကာ အိမ်ရှိလူကုန် စိမ်းစိမ်းကြီးလိုက်ကြည့်တော့သည်။ သူ၏မျက်လုံးအိမ်များသည် အငြိမ်မနေ၊ အတည့်မကျ

mgyobe.com